**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၉၈)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ကြာသပတေးနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သား ဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)


**စာမျက်နှာ ၁၆ ကော်လံ ၄ ☆**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လူရည်ချွန်ဆုရရှိသူ မောင်ဟိန်းလင်းထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်)

# နိုင်ငံနှင့်တပ်မတော်အတွက် အားကိုးထိုက်သူများ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပညာရေးနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ ပုဒ်မ ၂၈(ဂ)အရ နိုင်ငံတော်သည်အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်။ ပုဒ်မ ၃၆၆ အရ **နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်**ဟူ၍ပြဋ္ဌာန်းထားသည်။ ပညာရေးကဏ္ဍတွင် ခေတ်ကာလနှင့်လျော်ညီသည့် ပြဋ္ဌာန်းချက်များဖြင့် သင်ရိုးညွှန်းတမ်းများကိုပြုစုပြီး ဟန်ချက်ညီသည့်ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးနိုင်သကဲ့သို့ ဆရာများ၏အရည်အသွေးများ တိုးတက်လာစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ လိုအပ်သော ထောက်ပံ့ကူညီမှုများကိုလည်း ပြည့်စုံစွာဖြည့်ဆည်းပေးထားပြီးဖြစ်သည်။

တပ်မတော်သားတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်။ တာဝန်ထမ်းဆောင်ရာတွင် စိတ်နှလုံးချမ်းမြေ့စွာထမ်းဆောင်နိုင်ရေးအတွက် ယင်းတို့၏ မိသားစုများ၏လိုအပ်ချက်များကို တပ်မတော်က အစဉ်အမြဲဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ဖြည့်ဆည်းဆောင်ရွက်မှုများတွင် တပ်မတော်သားများ၏သားသမီးများ ပညာရည်မြင့်မားရေးဆောင်ရွက်ချက်သည်လည်း တစ်ခုပါဝင်သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးလျက်ရှိသည့်အပြင် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ကြသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများကိုလည်း ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ၌ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်၍ ကြီးကျယ်ခမ်းနားစွာကျင်းပပေးပြီး ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ရရှိသည့်ဘာသာအရေအတွက်အလိုက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင်လ ၂၄ ရက်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ခဲ့သည်။

ထိုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **"နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြောင်း"** ဟု ပြောကြားခဲ့သည်။ ထိုသို့ပညာရေးတွင် အောင်မြင်အောင် ကြိုးစားခဲ့ကြသည့် တပ်မတော်သားမိသားစုဝင်သားသမီးများဖြစ်သော ကျောင်းသား၊ ကျောင်းသူများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်မှုကို တပ်မတော်က အသိအမှတ်ပြုကာဂုဏ်ပြုခြင်းမှာ ဝမ်းသာကြည်နူးဖွယ်ကောင်းလှသည်။

ကျောင်းသား၊ ကျောင်းသူတို့သည် မိမိတို့မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့်ကျောင်းတော်ကြီး၏ ဂုဏ်ကို ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ထို့မှတစ်ဆင့် အနာဂတ်တွင် အမိနိုင်ငံတော်၏ဂုဏ်ကိုထွန်းလင်းတောက်ပြောင်စေသည့်လူငယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဘဝတွင် တပည့်ကောင်းများဖြစ်အောင်ကြိုးစားခဲ့ကြသလို တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက်ကျရာတာဝန်များကိုထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အတွက် နောင်အနာဂတ်တွင်လည်း စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နောက်တက်လှမ်းမည့် အဆင့်မြင့်ပညာရေးများတွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကြိုးစားအားထုတ်မှုအရှိန်အဟုန်အတိုင်း ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။ မိဘတိုင်းသည် မိမိတို့ရင်၌ဖြစ်သော ရင်နှစ်သည်းချာတိုင်းကို မိမိတို့ထက်တော်စေ၊ တတ်စေချင်ကြသည့် ဆန္ဒအပြည့်အဝရှိသည်။ ထို့အတွက်လည်း သားသမီးတို့ ပညာတတ်ကြီးများဖြစ်စေရေး တတ်စွမ်းသရွေ့ ကြိုးစားမြေတောင်မြှောက်ပေးကြစမြဲဖြစ်သည်။ သို့အတွက်ကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း တပ်မတော်သား မိသားစုဝင်များပီပီမိဘတို့၏ကျေးဇူးကို နားလည်သိတတ်စွာ နိုင်ငံတော်နှင့် တပ်မတော်အတွက် အနာဂတ်တွင် အားကိုးထိုက်သူများဖြစ်လာအောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

 တောင်ကြီး၊ လူမှုရေး

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဇူလိုင်လ ၂၄ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု၊ အောင်ချက်အကောင်းဆုံး မြို့နယ် သုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း သုံးကျောင်းနှင့် အောင်ချက်အကောင်းဆုံး ကိုယ်ပိုင်ကျောင်း သုံးကျောင်းတို့အား ဂုဏ်ပြုဆုများအသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်းသိရသည်။

(၄၀၅)

ပဲခူး၊ စိုက်ပျိုးရေး

# ပဲခူးခရိုင်အတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်းဘေး ဝဲ/ယာ၌ သီးပင်စားပင်များစိုက်ပျိုးပြီးစီး

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ကျေးလက်ကုန်ထုတ်လမ်းဘေးဝဲ/ယာ၌ ၂၀၂၄ ခုနှစ် မိုးရာသီကာလ သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပေးရခြင်းမှာ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကောင်းနှင့်ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသများရရှိစေရန်၊ သီးပင်စားပင်များကို အလွယ်တကူစားသုံးနိုင်ရန်အတွက် ဌာနမှ ဆောင်ရွက်ပေးထားသည့် ကျေးလက်ကုန်ထုတ်လမ်းပေါ်တွင် နှစ်စဉ်မိုးရာသီကာလတွင် သစ်ပင်များစိုက်ပျိုးရခြင်းဖြစ်သည်။

ထိုသို့စိုက်ပျိုးရာတွင် ကျေးလက်ကုန်ထုတ်လမ်းဘေး ဝဲ/ယာတို့၌ ပေါက်ပန်းဖြူပင် ၅၉၇ ပင်၊ ပေါက်ပန်းနီပင် ၅၉၅ ပင်၊ သခွတ်ပင် ၃၉၅ ပင်၊ ကြောင်လျှာပင် ၅၀ ပင်၊ ဒန့်သလွန်ပင် ၆၇၅ ပင်၊ သရက်ပင် ၁၀၂၀ ပင်၊ ပိန္နဲပင် ၄၅၀ ပင်၊ မန်ကျည်းပင် ၁၅၀ ပင်အစရှိသော သီးပင်စားပင်များကို ပဲခူးခရိုင်အတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်းများတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ကျေးရွာနေပြည်သူများစုပေါင်း၍ စိုက်ပျိုးကြောင်းနှင့် အပင်များရှင်သန်ဖြစ်ထွန်းရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(ကျေးလက်)**

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၂၅-၇-၂၀၂၄(ကြာသပတေးနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၅၀ မြန်မာ့ရှုခင်း
၅။ ၈း၃၅ သုတရသစုံလင်ဗဟုသုတပုံပြင်
၆။ ၉း၁၅ ကျန်းမာသုတ
၇။ ၁၁း၁၅ ပြည်သူကြားက ပြည်သူ့စကား
၈။ ၁၁း၅၅ သီချင်းလက်ဆောင်
၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၇း၅၀ စာဆိုစစ်သည်ကလောင်ရှင်များ
၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မဈွှိမအလင်း အပိုင်း(၁၁)**

**MWD Variety Channel**

၁။ ၉း၂၉ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၂။ ၁၀း၁၅ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၃။ ၁၁း၅၁ ကြယ်ပွင့်များရဲ့ ခြေလှမ်းသစ်
၄။ ၁၂း၃၁ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်
၅။ ၁၄း၄၆ The Beautiful Land
၆။ ၁၆း၁၅ အားကစားနည်း သမိုင်းကြောင်း

မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

RCC တမံများတွင် အများဆုံးသုံးနေသော အလွှာလိုက်အထူမှာ ၃၀၀ မီလီမီတာအထူဖြစ်သည်။ ဤနည်းဖြင့် အလွှာတစ်ခုပြီးတစ်ခု ဖြန့်သည်။ ဖြန့်ပြီးသည့်နေရာတွင် ၁၀ တန်မှ ၁၆ တန်အတွင်း အလေးချိန်ရှိသော တုန်ခါစက်တပ်ဆင်ထားသည့် လမ်းကြိတ်စက်(Self propelled Vibrating Drum Roller) ဖြင့် ပွဲမဝင်မီက ကြိုတင်စမ်းသပ်ထားသည့် အခေါက်ရေအတိုင်းကြိတ်သည်။ ယေဘုယျအားဖြင့် RCC တမံများတွင် အသွားသုံးကြိမ်၊ အပြန်သုံးကြိမ် စုစုပေါင်းခြောက်ကြိမ် ကြိတ်သည်။ ဘေးအစွန်နေရာများတွင်မူ အလေးချိန်သုံးတန်ခန့်သာရှိသောစက်ဖြင့် ကြိတ်သည်လည်းရှိသည်။ CVC ကွန်ကရစ်များတွင် သုံးသော လက်ကိုင်တုန်ခါစက်အတံ (Vibrating Rod) ကို သုံးသည့်အခါလည်းသုံးသည်။ သီးခြားစီစဉ်ထားသောစက်တစ်စီးစီးတွင် Vibrating Rod တပ်ဆင်အသုံးပြုခြင်းလည်းရှိသည်။ အဓိကအချက်မှာ ကာရံထားသောပုံစံခွက် (Metal Form) ဘေးသို့ ကန်ထွက်မသွားစေရန် လိုသလောက်သာ တုန်ခါပေးခြင်းဖြစ်သည်။ နောင်တွင် ကွန်ကရစ်ဘေးသားများမှ ရေစိမ့်မှုသက်သာစေရန်နှင့် ပိုမိုမာကျောစေရန် ပုံစံခွက်နှင့်ကပ်နေသော RCC ဘေးသားများအတွက် ဘိလပ်မြေအရည်ပါ ထပ်ဖြည့်ပြီး တုန်ခါပေးရသည်။

လုပ်ကွက်ဖန်တီးနိုင်မှုပေါ်မူတည်၍ ကြိုတင်သတ်မှတ်ထားသည့် အကျယ်အဝန်း၊ အမြင့်အတိုင်း မပြီးမချင်း ရက်ပေါင်းများစွာ ၂၄ နာရီ မရပ်မနားသွန်းလောင်းသည်။ နှစ်လခန့်အထိပင် ဆက်တိုက်သွန်းလောင်းသည့်စီမံကိန်းများလည်းရှိသည်။

အထက်ပေါင်းလောင်းတွင်မူ တစ်ကြိမ်သွန်းလောင်းလျှင် ရက်သတ္တနှစ်ပတ်မှ လေးပတ်ခန့်အထိ မရပ်မနားဆောင်ရွက်ခဲ့သည်။ နေ့စဉ်သွန်းလောင်းနှုန်းမှာ လုပ်ကွက်ပေါ်မူတည်ပြီး ကုဗမီတာ ၂၀၀၀ မှ ၄၀၀၀ ခန့်အထိပြီးစီးခဲ့သည်။ အမြင့်ဆုံးသွန်းလောင်းခဲ့မှုမှတ်တမ်းအရ ၆-၅-၂၀၁၂ ရက်တွင် ၄၁၆၄ ကုဗမီတာ (ကုဗပေ ၁၅၀၀၀၀)ခန့်အထိ သွန်းလောင်းနိုင်ခဲ့သည်။ ဤနှုန်းများကိုလေ့လာခြင်းဖြင့် RCC တမံတစ်ခုသွန်းလောင်းနှုန်းမှာ CVC ထက် များစွာသာလွန်ကြောင်း တွေ့ရမည်။

ပစ္စည်းအမျိုးအစားနှင့်ရေပါဝင်နှုန်းကို တိတိကျကျထိန်းချုပ်နိုင်သည့်အတွက် ကွန်ကရစ်တစ်လွှာပြီးစီး၍ နောက်တစ်လွှာတင်သည့်အချိန်တွင် ဖော်ပြခဲ့သည့် စက်ယန္တရားနှင့်လူများသည် သွန်းလောင်းပြီး ကွန်ကရစ်မျက်နှာပြင်ပေါ်မှာပင် နောက်တစ်လွှာအတွက် ဆက်လက်သွားလာဆောင်ရွက်နိုင်သည်။ CVC တွင်မူ သွန်းလောင်းပြီးခါစ ကွန်ကရစ်ပေါ်တွင် လူရပ်ရန်ပင် မဖြစ်နိုင်ပေ။



RCC Mixing Plant (Yeywa Hydropower Project)



RCC ကွန်ကရစ်သွန်းလောင်းနေပုံ (အထက်ပေါင်းလောင်း)

နောက်အားသာချက်မှာ RCC တွင် ဘိလပ်မြေကိုလျှော့ထားပြီး Natural Pozzolan ကို ရောထားသည့်အတွက် အပူထွက်ရှိမှု သိသိသာသာနည်းသွားသည်။ အထက်ပေါင်းလောင်းစီမံကိန်းတွင် Ice Flake ဖြင့်ဖျော်စပ်ထား၍ ရောစာအပူချိန်ကို ၂၂˚ စင်တီဂရိတ်အောက် ထိန်းထားနိုင်မှုနှင့် ပါသွားသည့်ရေသည်လည်း ရေပါဝင်မှုအချိုး(Water Cement Ratio) မှန်ကန်မှုတို့ကြောင့် အရည်အသွေးကောင်းသော ကွန်ကရစ်ဖြစ်စေသည်။

Natural Pozzolan ၏ မှုန့်ညက်မှု Fineness (Blaine) သည် ဘိလပ်မြေ (Cement) ၏ မှုန့်ညက်မှုထက်ပိုသည့်အတွက် ဘိလပ်မြေမှုန့် မဝင်နိုင်သည့် အလွန်သေးငယ်သော ခွဲကျောက်အကြိုအကြားထိ စေးကပ်စေမည့်အနှစ် (Cementitious) များ ဝင်ရောက်နိုင်သည်။ ရလဒ်မှာ ပိုမိုခိုင်ခံ့စေပြီး ရေစိမ့်မှုကိုပါ ကာကွယ်ပေးသည်။

အထက်ပေါင်းလောင်း RCC တမံအတွက် ကြိုတင်စမ်းသပ်မှုအချိုးပေါင်း ၁၀၄ မျိုးကို တစ်နှစ်ကြိုတင်စမ်းသပ်ထားခဲ့ပြီး နေရာအလိုက်လည်းကောင်း၊ ရာသီဥတုပေါ်မူတည်၍လည်းကောင်း သင့်လျော်သည့်အချိုးကိုသုံးခဲ့သည်။

နမူနာအချိုးနှစ်ခုကို ထုတ်နုတ်ပြပါမည်။

**အထက်ပေါင်းလောင်း RCC အတွက် ဓာတ်ခွဲခန်းတွင် ကြိုတင်စမ်းသပ်ရောစပ်မှုနမူနာအချိုးအစား**

| Test No. | Cement $Kg/m^3$ | Pozzolan $Kg/m^3$ | aggregate(Kg/m3) | | | | W/C Ratio | Density Kg/m3 |
|---|---|---|---|---|---|---|---|---|
| | | | 20~ 40 mm | 10 ~20 mm | 5~10 mm | 0~5 mm | | |
| S1 | 90 | 140 | 420 | 483 | 420 | 778 | 0.53 | 2455 |
| 56A | 90 | 140 | 412 | 476 | 496 | 744 | 0.52 | 2478 |

**Full Scale Trial Test (Test Slab)**

တမံများမတည်ဆောက်မီ ကြိုတင်ပြင်ဆင်ရသည့်လုပ်ငန်းများတွင် နမူနာတမံငယ် စမ်းသပ်လုပ်ဆောင်မှုလည်း ပါဝင်သည်။

နမူနာတမံငယ်ဆိုသည်မှာ တမံလုပ်ငန်းခွင်နှင့် မလှမ်းမကမ်း နေရာလပ်တစ်ခုတွင် အစမ်းတမံငယ်ပြုလုပ်ကြည့်ခြင်းဖြစ်သည်။ လေ့ကျင့်ဇာတ်တိုက်ခြင်းလည်းဟုတ်သလို သုံးစွဲမည့်ပစ္စည်းများ၊ စက်ကိရိယာများကို လက်တွေ့အရည်အသွေးစစ်ခြင်းလည်းဖြစ်သည်။

မြေသားတမံဖြစ်ပါက မိမိတမံဖို့ရာတွင်အသုံးပြုမည့် မြေ၊ မိမိဖိကြိတ်မည့်စက် စသည်တို့ကိုအသုံးပြု၍ ဆောင်ရွက်ကြရသည်။ ဤသို့ ဆောင်ရွက်ရာမှ ရလာသည့်ရလဒ်များမှာ တမံအမှန်တကယ်ဖို့သည့်အချိန်တွင် အသုံးဝင်သည်။ သတ်မှတ်ထားသောဒီဇိုင်းအရ ကြိုတင်သတ်မှတ်ထားသော လိုအပ်ချက်များဖြစ်သည့်-

- သိပ်သည်းမှု (Density)
- ရေစိမ့်နှုန်း (Permeability)

စသည်တို့ကို လက်တွေ့ရ၊ မရ အဓိကစမ်းခြင်းဖြစ်သည်။

ဤသို့ဆောင်ရွက်ရရှိသည့်အချက်အလက်များဖြစ်သော-

- ကြိတ်လုံး (Sheepsfoot Roller) အခေါက်ရေ (Passes)
- အမြင့်ဆုံးသိပ်သည်းမှု (Optimum Dry Density) အတွက် လိုအပ်မည့်ရေပမာဏ(Optimum Moisture Content - OMC)
- ကြိတ်လုံး၏ ထိရောက်စွာကြိတ်နိုင်သော အလွှာလိုက်အထူ (Layer Thickness)
- နာရီအလိုက်ပြီးစီးနိုင်သည့်ပမာဏ(Working Speed)

စသည့်အဖြေများရရှိလာသည်။

မြေအလွှာအထူအမျိုးမျိုး၊ ရေပါဝင်မှုအမျိုးမျိုး၊ ကြိတ်လုံးဖြတ်သန်းဖိကြိတ်သည့်အခေါက်ရေအမျိုးမျိုး၊ မိမိမြေယူမည့်နေရာအမျိုးမျိုးတို့မှ မြေသားအမျိုးမျိုးတို့ကို လက်တွေ့စမ်းသပ်ခြင်းဖြစ်သည်။

အလျားပေ ၂၀၀ ခန့်၊ အကျယ်ပေ ၆၀ ခန့်နှင့် အထူပေ ၂၀ ခန့် စမ်းသပ်လျှင် မြေသားတမံအများစုအတွက် လုံလောက်သည်။ မိမိရယူမည့်တမံဖို့မြေ (Borrow Area) နေရာများလျှင် များသလို ပိုမိုဆောင်ရွက်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

ကျောက်ဆည်၊ စာပေရေးရာ

# စာဖတ်ရှိန်မြင့်မားရေးနှင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေးနှင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး စာဖတ်စွမ်းရည်နှင့်ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင်လ ၂၃ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့်အလေ့အကျင့်များရရှိလာစေရေး၊ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ ဗလငါးတန်နှင့်ပြည့်စုံရေးအတွက် စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်စွမ်းရည်နှင့်ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**



နေပြည်တော် ဇူလိုင် ၂၄

# ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်းငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားသို့တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ထွက်ခွာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့်သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားသို့တက်ရောက်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားကို ဟနွိုင်းမြို့ရှိ အမျိုးသားစျာပနခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

---

နေပြည်တော် ဇူလိုင် ၂၄

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးငွေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ဝင်/ထွက် သွားလာနိုင်ရေးအတွက် ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာခွင့်ပြုဆောင်ရွက်ပေးမှု၊ နှစ်နိုင်ငံ အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အထူးသဖြင့် တမူး-မိုးရေးနယ်စပ်ဂိတ် အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့ထားသည့်စာရင်းအရ အိန္ဒိယနိုင်ငံသားများအား ရှာဖွေကူညီကယ်တင်ဆောင်ရွက်မှုနှင့် ရှာဖွေတွေ့ရှိသူများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ အရေးမယူဘဲ ပြန်လည်လွှဲပြောင်းဆောင်ရွက်ပေးမှု၊ အိန္ဒိယနိုင်ငံ၌ အောင်မြင်စွာဆောင်ရွက်နေသည့် Aadhaar စနစ်ကို နမူနာယူ၍ ဝန်ကြီးဌာနအနေဖြင့် e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြီးခဲ့သည့်ရက်ပိုင်းက အိန္ဒိယနိုင်ငံ ပြည်ပရေးရာဌာနနှင့် National Institute of Smart Government (NISG) တို့မှ နည်းပညာဆိုင်ရာကိုယ်စားလှယ်များလာရောက်၍ e-ID စနစ်လုပ်ငန်းဆောင်ရွက်နေမှုများအား လေ့လာသုံးသပ်အကြံပြုဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် ဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများနှင့် e-ID စနစ်အတွက် နည်းပညာဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

နေပြည်တော် ဇူလိုင် ၂၄

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Dr. Thushara Fernando ကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးထောက်ပံ့ပေးရေး၊ ကျန်းမာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဆေးရုံကြီးများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



၂၄-၇-၂၀၂၄

## ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ကန့်ဘလူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

နေပြည်တော် ဇူလိုင် ၂၄

# တရုတ်-တောင်အာရှကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်မိန့်ခွန်းပြောကြား




(၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာတင်းကျုံ့လီ၊ သီရိလင်္ကာနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ မော်လ်ဒိုက်နိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် နီပေါနိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက်အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ ကုန်စည်ပြပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပသည့်အပေါ် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၃ ဒသမ ၂ ဘီလီယံ အခြေချနေထိုင်လျက်ရှိသော အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံ၏ အလယ်တွင်ရှိပြီး သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်ကြွယ်ဝသော အခြေခံကောင်းများရှိကာ အိန္ဒိယသမုဒ္ဒရာတွင် ရည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအလားအလာ အလွန်ကောင်းမွန်သော နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပေါင်းစပ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲကို အရှေ့တောင်အာရှ ၁၀ နိုင်ငံနှင့်တောင်အာရှ ရှစ်နိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပြပွဲကို ဇူလိုင်လ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိကာ နိုင်ငံပေါင်း ၈၂ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀၀ ကျော်က ပြခန်းပေါင်း ၈၀၀ ကျော် ပါဝင်ပြသလျက်ရှိသည်။ ကုန်စည်ပြပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင် ၃၇ ဦး၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် ၈၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီ ၂၄ ခုက ပြခန်းပေါင်း ၂၆ ခုပါဝင်ပြသလျက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုန်စည်ပြပွဲရှိ အပြည်ပြည်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားသည့် မြန်မာပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



တရုတ်-တောင်အာရှကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြင့်စေရေးနှင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှု ပိုမိုများပြားလာစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကုန်စည်ပြပွဲကို "စည်းလုံးညီညွတ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လိုက်ပါသော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး မန္တလေးမြို့သို့ ရောက်ရှိကြရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးကောင်စစ်ဝန်ချုပ်ရုံး ခေတ္တကောင်စစ်ဝန်ချုပ် မစ္စတာ ကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၄

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(အငြိမ်းစား)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အထွေထွေညီလာခံတက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ထွက်ခွာ

စင်ကာပူသမ္မတနိုင်ငံ၊ Swissotel The Stamford ဟိုတယ်၌ ဇူလိုင်လ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း/ပြင်ပ)မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း/ပြင်ပ)မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၂၄

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးရေး ဆွေးနွေး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ပင်လောင်းလမ်းဆုံမီးပွိုင့်အနီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းစီမံဆောင်ရွက်လျက်ရှိသည့် ရေဆင်းဆည်ရေသောက်စနစ် လက်ယာ(၂) မြောင်းမကြီးနှင့် မပိုက်ကယ်ရိုးမှ စီးဆင်းလျက်ရှိသည့် သစ်တပ်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းအတွင်း သဲနုန်းတူးဖော်ခြင်း၊ အမှိုက်ဆယ်ခြင်း၊ အမှိုက်များထပ်မံပိတ်ဆို့မှု မရှိစေရေးနှင့် ရေဝပ်မှုများမရှိစေရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးရှိ မေတ္တာကန်နှင့် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာ ရှမ်းကန်တို့သို့ရောက်ရှိပြီး ကန်အတွင်း ကြာပန်းပင်များ စိုက်ထည့်ထားရှိမှု၊ အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ကန်ပတ်ဝန်းကျင်တွင် ရာသီအလိုက်ပွင့်သည့်ပန်းပင်များ စိုက်ပျိုးထားရှိမှုများနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ ကန်တော်မင်္ဂလာရှမ်းကန်သာယာလှပရေးနှင့် ရေလယ်ဘုရားကျောင်းဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုတက်ရောက်၍ နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ ပြောင်းရွှေ့လာသူများစာရင်းပြုစုခြင်း၊ ပြောင်းရွှေ့ထွက်ခွာသူများ စာရင်းပြုစုခြင်းတို့ကို ပြန်လည်စိစစ်ဆောင်ရွက်ရေးနှင့် ၎င်းတို့မှ ထွက်ပေါ်လာသည့် အချက်အလက်များအရ အိမ်ထောင်စု လူဦးရေစာရင်းရှိ၊ မရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိ၊ မရှိ စာရင်းပြုစု၍ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမည့် အခြေအနေများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ One Region One Product ထုတ်ကုန်များ ပိုမိုတိုးချဲ့ထုတ်လုပ်လာနိုင်ရေး၊ ပြည်ပဈေးကွက်နှင့်ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များ၏အပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

နေပြည်တော် ဇူလိုင် ၂၄

# ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းခေတ်မီစံပြကျေးရွာ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်း ခေတ်မီစံပြကျေးရွာ (Smart Village)သို့ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုဆောင်ရွက်ပေးထားသော ကျေးရွာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း အရှည် ၁ မိုင် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဆင်ဖြူအင်းကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာအုပ်စုအတွင်း စိုက်ပျိုးထားသော စတော်ဘယ်ရီ ပင်မှည့်၊ နာနတ်နှင့် အခြားရာသီသီးနှံများအတွက် လိုအပ်သော ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို သတ်မှတ်နှုန်းထားဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး ပြင်ဦးလွင်မြို့နယ်သမဝါယမအသင်းနှင့်ဆက်သွယ်ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဆင်လမ်း-ဆင်ဖြူအင်း-အုတ်ဖိုကျေးရွာချင်းဆက်လမ်း အရှည် ၃ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အချိန်အတွင်း အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး၊ ကျန်ရှိနေသည့် လမ်းမိုင် ၁ မိုင် ၁ ဖာလုံကို လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်လျာထား ဆောင်ရွက်ပေးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့မဈေးကြီး ဈေးသမဝါယမအသင်းလီမိတက်သို့သွားရောက်၍ အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၏ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်၌ သီးနှံပေါ်ပေးစနစ်ဖြင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးနေသော ဓာတ်မြေဩဇာများ၊ နေပြည်တော်နှင့် မန္တလေးမြို့တို့မှ ထုတ်လုပ်သည့် စမ်းဝတီ သဘာဝမြေဩဇာများ၊ ပျော်ဘွယ်မြို့မှ ထုတ်လုပ်သည့် ဂျိုးဖြူအီးအမ်ဘိုကာရှီ သဘာဝမြေဩဇာများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာသို့ ရောက်ရှိပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သင်ကြားနေသည့် သံဂဟေဆက်သင်တန်းမှ သင်တန်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထူးချွန်သင်တန်းသားများထံ ထောက်ပံ့ပေးအပ်မည့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)သို့ သွားရောက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းသို့ တက်ရောက်ခဲ့ပြီး တစ်နိုင်တစ်ပိုင် ကော်ဖီစိုက်ပျိုးထုတ်လုပ်နေသော မေမြို့ပါဆယ်ကော်ဖီလုပ်ငန်းကို ကြည့်ရှုအားပေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ခေတ်မီစံပြကျေးရွာ (Smart Village) များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်း ၁၂၈ ရွာ လျာထားသတ်မှတ်၍ ကျေးရွာအခြေခံအဆောက်အဦများ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးခြင်း၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားမြင့်မားစေရန်ဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး အသိပညာများ ဖြန့်ဝေပေးခြင်းစသည့် ကဏ္ဍကြီး (၆) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဖေးမကူပါ Parkinson လူနာ

*“Parkinson ရောဂါကို အဓိကအားဖြင့် ရောဂါ၏လက္ခဏာများ ပေါ်အခြေခံ၍ ဖော်ထုတ်လေ့ရှိပြီး ဦးနှောက်ကို SPECT scan ရိုက်၍ Dopamine ဓာတ်ထုတ်လုပ်မှုနည်းလာသည့်အခြေအနေကို သိရှိနိုင်သကဲ့သို့ Parkinson နှင့် ရောဂါလက္ခဏာတူနိုင်သည့် ဦးနှောက်တွင်း တခြားရောဂါများကို ဦးနှောက် CT၊ MRI scan များရိုက်ကြည့်၍ ရှာဖွေနိုင်သည်။ ရောဂါကုသရာ၌ ဦးနှောက်ဆဲလ်များမှ ထုတ်လုပ်မှုနည်းလာသော Dopamine ဓာတ်ကိုပြန်လည်ဖြည့်တင်းပေးသည့် သောက်ဆေး၊ ကပ်ဆေး၊ ထိုးဆေးများပေး၍ ကုသကြသည်။ အဓိကအားဖြင့် သောက်ဆေးများ အသုံးပြုကုသကြသည်။ Dopamine ဓာတ်ဖြည့်ဆည်းမှုအပြင် တွဲဖက်ရှိနိုင်သောရောဂါလက္ခဏာများအတွက်လည်း ကုသရသည်. . .”*

အသက်အရွယ်ရလာသည့်လူကြီးများတွင် ဖြစ်တတ်သည့် Parkinson ခေါ် တောင့်၊ တုန်၊ နှေး ရောဂါဝေဒနာသည်များကို တွေ့မြင်ဖူးကြပါလိမ့်မည်။ ကမ္ဘာ့စစ်တမ်းများအရ ထိုရောဂါခံစားရသူ ၈ ဒသမ ၅ သန်းကျော်ရှိပြီး အသက် ၇၅ နှစ်အထက် သက်ကြီးရွယ်အိုများတွင် လူတစ်ရာ၌ သုံး၊ လေးဦးခန့်ပင် ဖြစ်ပွားတတ်ကြောင်း တွေ့ရှိရသည်။ ဆေးပညာသဘောအရ ဦးနှောက်တွင်း Dopamine ဓာတ်ထုတ်ပေးသည့် နာဗ်ဆဲလ်လေးများ သေဆုံးလျော့ပါးလာသောကြောင့် လှုပ်ရှားသွက်လက်မှုအားနည်းသွားပြီး အသေးစိတ်လုပ်ငန်းများဆောင်ရွက်ရန် ခက်ခဲသွားခြင်းဖြစ်သည်။ ထိုဦးနှောက်ဆဲလ်လေးများ သေဆုံးသွားရခြင်းမှာ အသက်အရွယ်ကြီးလာခြင်းကြောင့် အပြင် ဓာတ်တိုးသဘာဝများလာခြင်း၊ ပုံမှန်မဟုတ်သောပရိုတင်းဓာတ်သဘာဝများစုပုံလာခြင်း၊ နာဗ်ဆဲလ်များရောင်ရမ်းခြင်းကြောင့် ဆဲလ်များရှိ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ဇီဝကမ္မအစိတ်အပိုင်းများ ပုံမှန်မဆောင်ရွက်နိုင်ခြင်းဖြစ်လာသည်ဟုဆိုကြသည်။ အစာလမ်းကြောင်းအတွင်း အကျိုးပြုပိုးမွှားများနည်းလာခြင်းနှင့် ဆက်စပ်သည်ဟုလည်း ယူဆကြသည်။ Parkinson ရောဂါသည် အထူးသဖြင့် သက်ကြီးပိုင်းတွင်ဖြစ်တတ်သော်လည်း ရောဂါဆိုင်ရာမျိုးရိုးဗီဇပါလာပါက သက်လတ်ပိုင်းတွင်လည်း ရောဂါဝေဒနာခံစားရတတ်သည်။

ရောဂါလက္ခဏာအနေဖြင့်သွားလာရာတွင် ခြေလှမ်းအစပြုရန်ခက်ခဲခြင်း၊ လမ်းလျှောက်စဉ် အလှည့်အပြောင်းမလွယ်ကူခြင်း၊ ဟန်ချက်မထိန်းနိုင်ခြင်းများခံစားကြရသည်။ လုပ်ကိုင်သွားလာမှုများနှေးကွေးသွားပြီး စကားပြောတိုးလာကာလက်ရေးများလည်းတဖြည်းဖြည်းသေးသွားတတ်သည်။ နားနေစဉ်ပင် လက်တုန်၊ ခြေတုန်ဖြစ်နေသည်ကိုသတိပြုမိကြသည်။ ဝေဒနာခံစားရသော ခြေ၊ လက်များတောင့်တင်းနေတတ်ပြီး ညဘက်အိပ်ချိန် ခန္ဓာကိုယ်အလှည့်အပြောင်းခက်ခဲတတ်သည်။ ပုံမှန်အားဖြင့် ခန္ဓာကိုယ်တစ်ဖက်ခြမ်းတွင် ရောဂါဝေဒနာစတင်ခံစားရတတ်ပြီး ရောဂါရင့်လာသည်နှင့်အမျှ ခြေလက်နှစ်ဖက်စလုံးနှင့် ခန္ဓာကိုယ်တစ်ခုလုံးတွင် ခံစားလာရသည်။ ရောဂါကြာရှည်လာသည်နှင့်အမျှ ဆေးသောက်ချိန်တွင် ခေတ္တသက်သာပြီး ဆေးအာနိသင်ပြယ်ချိန်၌ ပြန်လည်တောင့်တင်းလာကာ မလှုပ်နိုင်သည်အထိဖြစ်လာသည်။ ဆေးသောက်ပြီးစတွင် ဆေး၏တုံ့ပြန်မှုကြောင့် ခါယမ်းနေတတ်ခြင်း၊ လှုပ်ရှားမှုမထိန်းနိုင်ခြင်းများ ခံစားရတတ်သည်။ ယင်းနောက် ဘီးတပ်ကုလားထိုင်နှင့်သွားနိုင်သည့်အဆင့်မှ အိပ်ရာထဲလဲသည့်အဆင့်ထိ ရောက်နိုင်ပါသည်။

ထိုကဲ့သို့သော လှုပ်ရှားမှုဆိုင်ရာဝေဒနာများသာမက ပထမဦးစွာ အနံ့ခံအာရုံလျော့ပါးလာခြင်း၊ အစာမျိုရခက်ခဲခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးအိမ်တင်းခြင်း၊ ဆီးသွားရခက်ခဲခြင်း၊ ဆီး၊ ဝမ်းမထိန်းနိုင်ခြင်းများခံစားရတတ်သည်။ သွေးပေါင်အတက်အကျမမှန်ခြင်း၊ ချွေးထွက်များခြင်း၊ တံတွေးထွက်များခြင်း၊ ချွဲမထွေးနိုင်ခြင်းများဖြစ်လာသည်။ အိပ်မပျော်၊ အိပ်ရခက်ခဲခြင်းတို့အပြင် နေ့ဘက်တွင်အိပ်ငိုက်ခြင်း၊ အိပ်မောကျနေစဉ် ကယောင်ကတမ်းဖြစ်ခြင်းများလည်း ခံစားကြရသည်။ စိတ်အမူအကျင့်များပြောင်းလာသည်သာမက စိတ်ဓာတ်ကျခြင်း၊ စိတ်ကယောင်ကတမ်းဖြစ်၍ အမြင်အာရုံဝေဝါးခြင်း၊ မိသားစုဝင်များကိုသံသယဝင်ခြင်းများဖြစ်တတ်သည်။ ရောဂါဖြစ်ပွားမှုကြာလာသောအခါ မှတ်ဉာဏ်ချို့ယွင်းလာမှု၊ စီမံခန့်ခွဲမှု၊ တွက်ချက်မှုများအားနည်းလာပြီး Dementia သက်ကြီးသတိမေ့ရောဂါလက္ခဏာများ ခံစားလာရသည်။

Parkinson ရောဂါကို အဓိကအားဖြင့် ရောဂါ၏လက္ခဏာများပေါ် အခြေခံ၍ ဖော်ထုတ်လေ့ရှိပြီး ဦးနှောက်ကို SPECT scan ရိုက်၍ Dopamine ဓာတ်ထုတ်လုပ်မှုနည်းလာသည့်အခြေအနေကို သိရှိနိုင်သကဲ့သို့ Parkinson နှင့်ရောဂါလက္ခဏာတူနိုင်သည့် ဦးနှောက်တွင်း တခြားရောဂါများကို ဦးနှောက် CT၊ MRI scan များရိုက်ကြည့်၍ ရှာဖွေနိုင်သည်။ ရောဂါကုသရာ၌ ဦးနှောက်ဆဲလ်များမှ ထုတ်လုပ်မှုနည်းလာသော Dopamine ဓာတ်ကို ပြန်လည်ဖြည့်တင်းပေးသည့် သောက်ဆေး၊ ကပ်ဆေး၊ ထိုးဆေးများပေး၍ ကုသကြသည်။ အဓိကအားဖြင့် သောက်ဆေးများ အသုံးပြုကုသကြသည်။ Dopamine ဓာတ်ဖြည့်ဆည်းမှုအပြင် တွဲဖက်ရှိနိုင်သောရောဂါလက္ခဏာများအတွက်လည်း ကုသရသည်။ အထူးသဖြင့် သတိမေ့လျော့ခြင်း၊ စိတ်ကယောင်ကတမ်းဖြစ်ခြင်းနှင့် အိပ်ခြင်းဆိုင်ရာပြဿနာများအတွက် သက်ဆိုင်ရာဆေးများနှင့်ကုသကြသည်။ ယခုအခါတွင် ရောဂါဖြစ်စေသည့်အကြောင်းအရင်းဖြစ်သည့် ပရိုတင်းဓာတ်များစုပုံလာမှုကိုဦးတည်ကုသသည့် Monoclonal antibody ဆေးများသည် လှုပ်ရှားမှုခက်ခဲသည့်ဝေဒနာကို သက်သာစေကြောင်း တွေ့ရှိလာကြသည်။

Parkinson ရောဂါနှင့်တူသောလက္ခဏာရှိသူများကို Parkinsonism ဟုခေါ်ပြီး ထိုလူနာများသည် အအန်ပျောက်ဆေး၊ စိတ်ရောဂါကုသမှုဆေးများ၏ ဆိုးကျိုးလက္ခဏာများကဲ့သို့ တွေ့ရတတ်သည်။ ထို့ပြင် မကြာခဏ ဦးနှောက်ထိခိုက်မိခြင်း၊ ဦးနှောက်တွင်း သွေးကြောငယ်များပိတ်ဆို့၍လေဖြတ်ခြင်း၊ ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်ခြင်း၊ ဓာတုဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာ၊ သတ္တုများနှင့်ထိတွေ့ခြင်း၊ စိတ်ကြွဆေးများသောက်သုံးခြင်းနှင့် နွားရူးရောဂါပိုး၊ ဗိုင်းရပ်စ်ပိုးများကြောင့် ဦးနှောက်ရောင်ခြင်းတို့ဖြစ်တတ်သည်။

မူလ Parkinson ရောဂါသည် နာဗ်ဆဲလ်များ တဖြည်းဖြည်းပျက်ယွင်းလာခြင်းကြောင့် ဖြစ်ရသဖြင့် အချိန်နှင့်အမျှ ပိုဆိုးလာတတ်သော်လည်း Parkinsonism တွင် ရောဂါလက္ခဏာများ ယေဘုယျအားဖြင့် ဆိုးသွားလေ့မရှိသကဲ့သို့ တွဲဖက်လက္ခဏာများလည်း မတွေ့ရတတ်ပါ။ တချို့သောလူနာများတွင် Dopamine ဓာတ်ထုတ်သော ဦးနှောက်အစိတ်အပိုင်းသာမကကျန်ဦးနှောက်အစိတ်အပိုင်းများပါ ပျက်ဆီးယိုယွင်းလာခြင်း၊ ကျုံ့လာခြင်းကြောင့် Parkinson နှင့်တူသော Parkinson Plus ရောဂါလက္ခဏာများ ခံစားရတတ်သည်။ ရောဂါစတင်ချိန်ကပင် တောင့်၊ တုန်၊ နှေးဝေဒနာများတစ်ကိုယ်လုံးခံစားကြရပြီး မျက်စိလှုပ်ရှားမှု အားနည်းခြင်း၊ အစာမျိုရခက်ခြင်း၊ ဟန်ချက်မထိန်းနိုင်ခြင်း၊ သွေးပေါင်အတက်အကျမမှန်ခြင်းများ ခံစားရတတ်သည်။

Parkinson လူနာများသည် အစာမျိုရခက်သဖြင့် အဆုတ်တွင်းအစာများဝင်ရောက်၍ အဆုတ်ရောင်ရမ်းနိုင်သကဲ့သို့ Autonomic အာရုံကြောစနစ်ကို ထိလာသဖြင့် သွေးပေါင်ချိန်နှင့် နှလုံးခုန်ပုံမမှန်မှုများကြောင့် အသက်ဆုံးရှုံးရတတ်ပါသည်။ ခန္ဓာကိုယ်ဟန်ချက်မထိန်းနိုင်သဖြင့်သွားလာရာတွင် ထိခိုက်ကျိုးပဲ့မှုများ ဖြစ်နိုင်သည်။ သက်ဆိုင်ရာကျွမ်းကျင်ဆရာဝန်များနှင့်ပြသ၍ ဆေးဝါးများသောက်သုံးခြင်း၊ ပြန်လည်သန်စွမ်းမှုဆိုင်ရာလေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်း၊ သတိလက်လွတ်မှုမဖြစ်သေးချိန်တွင် လူနာလုပ်ကိုင်ဆောင်ရွက်လိုသောစီမံခန့်ခွဲမှုများ ဆောင်ရွက်စေခြင်း၊ သင့်လျော်သောအလုပ်အကိုင်များလုပ်စေခြင်းတို့ဖြင့် အကျိုးရှိသောလူမှုဘဝရအောင် ဖန်တီးပေးကြရမည်ဖြစ်သည်။ လူနာရှင်၊ မိသားစုဝင်များအနေဖြင့် ရောဂါ၏သဘောသဘာဝ၊ လူနာ၏စိတ်ခံစားမှု၊ ဦးနှောက်ဆောင်ရွက်နိုင်မှုအခြေအနေများကို နားလည်ကာ စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။ Parkinson လူနာများအနေဖြင့် ရောဂါဝေဒနာများသက်သာကာ သက်တမ်းစေ့နေနိုင်စေရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ မိသားစုဝင်များ၊ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဖေးမဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

**ဒေါက်တာဥမ္မာစော**

---

ရန်ကုန်၊ ကျေးလက်ဖွံ့ဖြိုးရေး

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းကို ယခင်ဘဏ္ဍာနှစ်ကထက် ပိုမိုဆောင်ရွက်ရန်စီစဉ်

ယခုဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းကို ယခင်ဘဏ္ဍာနှစ်ကထက် ပိုမိုဆောင်ရွက်ရန် စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေး စီမံကိန်းလုပ်ငန်းကိုးခု အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်း ၁၆ ခုအထိ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များလာအောင် ဒီစီမံကိန်းကို စီစဉ်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေကို ပထမဆုံးအနေနဲ့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု နည်းပညာတွေ သင်ကြားပေးမယ်။ နောက်ပြီး လုပ်ငန်းထူထောင်ဖို့ လိုအပ်တဲ့ပစ္စည်းကိရိယာတွေ ပံ့ပိုးပေးခြင်းအားဖြင့် မိသားစုဝင်ငွေတိုးလာမှာဖြစ်သလို နိုင်ငံ့စီးပွားမြှင့်တင်ရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေဖို့ ရည်ရွယ်ဆောင်ရွက်တာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူးဦးသက်နိုင်ဦးက ပြောသည်။

ယင်းစီမံကိန်းကို ဖော်ဆောင်ရာတွင် စီမံကိန်းကျေးရွာများ၌ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းများ ဖွင့်လှစ်ပို့ချပြီး သင်တန်းသား၊ သင်တန်းသူများက မိမိတို့ရပ်ရွာ၌ ကိုယ်ပိုင်လုပ်ငန်းထူထောင်လိုသူများကို စိစစ်ရွေးချယ်ကာ လုပ်ငန်းသုံးစက်ပစ္စည်းများပံ့ပိုး၍ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာများ၌ MSME လုပ်ငန်းများ များပြားလာပြီး မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသထွက်ကုန်များကို ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

**ဆောင်းဦး**

မြိတ်၊ သာသနာရေး

# အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာဘုန်းတော်ကြီးကျောင်း၌ မုခ်ဦးရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ




တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ကျေးရွာအတွင်းရှိ အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာဘုန်းတော်ကြီးကျောင်း၌ မုခ်ဦးရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကောဝိဒ ကျောင်းရှေ့ဝင်ပေါက်မုခ်ဦးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာဘုန်းတော်ကြီးကျောင်း ဓမ္မပိဟာရဗိမာန် ဓမ္မာရုံဆောင်၌ မုခ်ဦးအလှူရေစက်ချပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသည့် အလှူရှင်မိသားစုဝင်များနှင့် ဧည့်ပရိသတ်များက ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလနှင့် အနုမောဒနာတရား ခံယူဆောက်တည်ကြကာ မုခ်ဦးအလှူအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာ ဘုန်းတော်ကြီးကျောင်းဆရာတော်နှင့် အခမ်းအနား ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား အလှူရှင်မိသားစုဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား ထမင်းဟင်းစားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးကြကြောင်း သိရသည်။

(၄၁၂)

ဘားအံ၊ စိုက်ပျိုးရေး

# မိဇံမွေးမြူရေးဇုန်အတွင်း သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင်ပေါင်း ၂၂၂၅ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုး

ကရင်ပြည်နယ် ဘားအံမြို့ရှိ မိဇံမွေးမြူရေးဇုန်အတွင်း၌ ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ပြည်နယ်အဆင့် မိုးရာသီ စတုတ္ထအကြိမ်သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင်ပေါင်း ၂၂၂၅ ပင်ကို စိုက်ပျိုးကြကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိဇံမွေးမြူရေးဇုန်မှ တာဝန်ရှိသူတစ်ဦးထံ ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသည့် ပျိုးပင်များကို ပေးအပ်ပြီး တက်ရောက်လာသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများနှင့်အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်အတူ စိန်ပန်း၊ ခရေ၊ ပိတောက်၊ မန်ဂျန်ရှား၊ မဟော်ဂနီအစရှိသော သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင်ပေါင်း ၂၂၂၅ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

ထိုသို့ပျိုးပင်များ စိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ ကရင်ပြည်နယ်အတွင်း၌ လူထုလှုပ်ရှားမှုအသွင် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ/ယာစိုက်ပျိုးခြင်း၊ လူထုဖြန့်ဝေစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းများအနေဖြင့် စိုက်ပျိုးခြင်းနည်းလမ်းများဖြင့် ပျိုးပင်ပေါင်း ၂၁၉၁၃၅ ပင်ကို စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

(၄၀၆)

နေပြည်တော်၊ လူမှုရေး

# စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်လှစ်



နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို ဇူလိုင်လ ၂၃ ရက်တွင် ပြည်သူ့စာကြည့်တိုက်အတွင်း၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်ဟိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က ရပ်ကွက်/ကျေးရွာစာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်ပညာများကို သိရှိနားလည်တတ်ကျွမ်းလာပြီး စာကြည့်တိုက်များ ပိုမိုရှင်သန်ခိုင်မာလာစေရေး၊ ကလေးသူငယ်များ၊ အများပြည်သူများစာဖတ်သည့်အလေ့အကျင့်များ တိုးပွားလာစေရေးနှင့် စာဖတ်ရှိန်မြင့်မားရေးအတွက် ယခုလိုသင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ပြီး သင်တန်းတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန္တာမြင့်မြင့်ကျော်က ရာစုအလိုက် စာအုပ်အမျိုးအစားခွဲခြားနည်း၊ ရည်ညွှန်းစာအုပ်စာရင်းသွင်းနည်း၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များရှိ စာအုပ်စာစောင်များမပျက်စီးအောင် ထိန်းသိမ်းနည်းများနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ယဉ်ယဉ်ချိုက စာဖတ်၊ စာငှားစာရင်းသွင်းနည်းများကို ဇူလိုင်လ ၂၃ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(၄၁၃)

## ဝသန်အလှ ကြည်အေးမြ

➤ ငွေရောင်မှေးမှေး၊ နွေးနွေးကျလာ
ပုလဲလေလား၊ အသားဖြူလှရှာ
ကိန်းအောင်းသဒ္ဓါ၊ ရင်မှာပေါက်ဖွား
စုံမက်ချစ်ခင်၊ မြတ်နိုးကြင်
ရိပ်သွင်မြင့်မား ကြွားသည်နှင့်လေး။

➤ ကြည်လင်စိတ်ထား၊ ပွားများချိန်ခါ
အေးမြလန်းဆန်း၊ ပြုံးပန်းဝေဝေဆာ
မိုးဝသန်မှာ၊ ဝမ်းသာရွှင်မြူး
ဇွန်ဇီဇဝါ၊ ရွှေငွေဖြာ
မာလာပန်း ငုံ ဖူးပါလို့လေး။

➤ နွေနှောင်းမိုးဦး၊ ပြောင်းကူးရာသီ
စိမ်းစိုလှပ၊ မြင်ရရေငွေ့စီ
တွဲခိုနေပြီ၊ ငွေ့ရည်ဖျန်းပက်
အာကာတစ်ခွင်၊ မိုးရိပ်ဆင်
ဝန်းကျင်နှံ့ ဆင်း သက်သည်နှင့်လေး။

➤ မိုးဖွားမိုးစက်၊ ကျလျက်မှန်မှန်
မြေသင်းရနံ့၊ သင်းပျံ့မွှေးထုံထုံ
ကြည်နူးဖုံဖုံ၊ အာရုံနိုးကြွ
သစ်ပင်ပန်းမန်၊ စားသီးနှံ
ပြည့်လျှံ၀ ပေါ လှသည်နှင့်လေး။

➤ ဝါတွင်းကာလ၊ ဒါနယူငင်
ကုသိုလ်အကျိုး၊ ပွားတိုးဥပုသ်ဝင်
သီလရွှေစင်၊ ဝတ်ဆင်လည်ဆွဲ
ကိုယ်စိတ်နှစ်ဖြာ၊ ပြည့်ကျန်းမာ
ချမ်းသာအေး စွဲမြသည်နှင့်လေး။
ပုလဲလိုဖြူ ညီတူ ဖွေးလှတော့သည်
မိုးဖွဲမငြူစူ ကြည်ဖြူ အေးမြတော့သည်။ ။

ဆောင်းနေရောင်(အဖျောက်)

**♫♫ သင်္ဂ (FM) အသံလွှင့်အစီအစဉ် ♫♫**

၂၅-၇-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song | ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့ |
| ၂။ | ၁၀း၀၁ | Internet Pages | | | အနုပညာခရီး |
| ၃။ | ၁၃း၃၅ | Music Quiz | ၅။ | ၁၉း၀၀ | စစ်သည်ကမ္ဘာ |

နေပြည်တော် ဇူလိုင် ၂၄

# အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁)ဆင်းပွဲကျင်းပ

သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းအပြင် အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း၊ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည့်အပြင် မကြာမီဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာသင်တန်းကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းသား ၆၀ ကိုယ်စား သင်တန်းသားကိုယ်စားလှယ်နှစ်ဦးကို သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်သည်။

ယခုသင်တန်းသို့ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ အလယ်အလတ်အဆင့် သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ ၂၄ ရက်ကြာမြင့်ခဲ့ကြောင်း၊ သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကိုသိရှိစေခဲ့ပြီး အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စရပ်များ ထည့်သွင်းသင်ကြားခဲ့ကြောင်း၊ ထို့ပြင် ဥပဒေရေးဆွဲရေးအခြေခံ၊ စီးပွားရေး စာချုပ်စာတမ်းများအား စိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံ (Legal Instruments)များအကြောင်း၊ အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားမမှုစွဲဆိုခြင်း စသည့် ဘာသာရပ်များကို ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




နေပြည်တော် ဇူလိုင် ၂၄

# အလုပ်သမားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် စစ်တုရင် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

အလုပ်သမားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် စစ်တုရင်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းသည် ဝန်ထမ်းများ၏ ကာယအားနှင့် ဉာဏအားကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ကိုယ်ကာယကျန်းမာသန်စွမ်းစေရန်၊ စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်ပါကြောင်း ပြောကြားကာ ကစားသမားများ၏ စစ်တုရင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်ကစားသမားများ တက်ရောက်ကြသည်။

ယင်းပြိုင်ပွဲတွင် ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ အမျိုးသားကစားသမား ၂၅ ဦးနှင့် အမျိုးသမီးကစားသမား ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကစားသမားများအနေဖြင့် နိုင်ငံတကာစစ်တုရင်ပြိုင်ပွဲများတွင် အသုံးပြုသည့် Swiss System ဖြင့် ကစားကြမည်ဖြစ်ကြောင်းနှင့် အမျိုးသားတစ်ဦးချင်းပွဲစဉ် ခုနစ်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်းပွဲစဉ် ငါးပွဲစီ ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)





နေပြည်တော် ဇူလိုင် ၂၄

# ပညာရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(တတိယနေ့)ကျင်းပ



ပညာရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(တတိယနေ့)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပသည်။

ယနေ့ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ ကျောင်းဥပဓိရုပ်ကောင်းမွန်ရန် အလေးထားဆောင်ရွက်ရေး၊ စာသင်ကျောင်းများ၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာ အရည်အသွေးတိုးတက်ရန်အတွက် အမြဲကြိုးစားအားထုတ် ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသများတွင် တာဝန်ကျေပွန်အောင် ကြိုးစားဆောင်ရွက်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်းတို့က ဒေသဆိုင်ရာကိုယ်ပိုင်ကျောင်းများ ကြီးကြပ်ရေးအဖွဲ့များ၏ စိစစ်ထောက်ခံမှုအရ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ခွင့်ပြုအခြေအနေများကို လည်းကောင်း၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများက တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ တက္ကသိုလ်အလိုက် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၂၄

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | |
|---|---|---|---|
| ကျိုက်မရော | ၇ ဒသမ ၁၇ လက်မ | မော်လမြိုင် | ၅ ဒသမ ၅၉ လက်မ |
| ချောင်းဆုံ | ၇ ဒသမ ၀၉ လက်မ | မြိတ် | ၅ ဒသမ ၃၉ လက်မ |
| မုဒုံ | ၆ ဒသမ ၆၁ လက်မ | ကျောက်ဖြူ | ၄ ဒသမ ၃၇ လက်မ |
| ထားဝယ် | ၆ ဒသမ ၂၆ လက်မ | ပေါင် | ၄ ဒသမ ၂၁ လက်မ |
| စစ်တွေ | ၅ ဒသမ ၇၁ လက်မ | ကော့ကရိတ် | ၄ ဒသမ ၁၇ လက်မ |



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီးဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ များနှင့်အတူအမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီးဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက လူရည်ချွန်ဆုရရှိသူ များနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီးဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ထူးချွန်ဂုဏ်ထူးရ စစ်သည်များနှင့်အတူ အမှတ်တရ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့၊ ဗဟိုအမှုဆောင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်း (အငြိမ်းစား)က ၅ ဘာသာဂုဏ်ထူး ရရှိသူ မောင်မင်းခန့်သူအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးမင်းဦးက ၃ ဘာသာဂုဏ်ထူး ရရှိသူ ဒုတိယတပ်ကြပ် သက်ပိုင်လင်းအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

★ **စာမျက်နှာ ၁၅ မှအဆက်**

နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ အသိပညာနှင့်အတတ်ပညာဟန်ချက်မျှတစွာ စွမ်းရည်မြင့်မားမှုမရှိပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီး၌ အားနည်းချက်များ ဖြစ်ပေါ်စေမည်ဖြစ်ပြီး တိုင်းပြည်စည်းလုံးညီညွတ်ရေးအပေါ်ကိုလည်း မလွဲမသွေသက်ရောက်စေနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**စာမျက်နှာ ၁၂ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

★ စာမျက်နှာ ၁၁ မှအဆက်

တပ်မတော်သားများအနေဖြင့် သက်ဆိုင်ရာ တပ်မတော်ပညာရေးကျောင်းများမှ ပြီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်မှုပျမ်းမျှ ၂၄ ဒသမ ၅၈ ရာခိုင်နှုန်းရှိခဲ့ပြီး တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနေဖြင့် အောင်မြင်မှုပျမ်းမျှ ၆၀ ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့သည်ကိုတွေ့ရကြောင်း၊ တပ်မတော်သား (၃)ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၅ ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၁၂ ဦးရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများ၌ တက်ရောက်ခဲ့သူများအနေဖြင့် (၆)ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၆၅ ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၁၉၇ ဦး ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

တပ်မတော်ပညာရေးကျောင်းများ၌ ဆိုပါက အမှတ်(၂)ပညာရေးကျောင်းသည် အောင်မြင်မှုပျမ်းမျှ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနက် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း(စစ်တွေ)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ)တို့သည်လည်း အောင်မြင်မှုပျမ်းမျှ ၉၅ ရာခိုင်နှုန်းကျော်အထိဖြစ်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထိုကဲ့သို့အောင်မြင်မှုများနှင့် ဂုဏ်ထူးရသူများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူမိကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေးကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရေး ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ပေါ်ပေါက်လာသော်လည်း **စာမျက်နှာ ၁၃ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံစဉ်။



ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။





၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှစစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများကိုတွေ့ရစဉ်။

★ စာမျက်နှာ ၁၂ မှအဆက်

အခြေခံပညာကဏ္ဍတွင် ပြည်သူလူထုအများစုသည် အစိုးရအခြေခံပညာကျောင်းများ၌ အဓိကတက်ရောက်ပညာသင်ကြားကြကြောင်း၊ တပ်မတော်သားသား၊ သမီးများသည်လည်း နိုင်ငံ့ဝန်ထမ်းသား၊ သမီးများဖြစ်ကြသဖြင့် နိုင်ငံတော်အစိုးရ၏အခြေခံကျောင်းများတွင် အလေးထားတက်ရောက်ပညာသင်ကြားကြရကြောင်း၊ ယခုထူးချွန်ဆုရသူအများစုသည် အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီး ထူးချွန်အောင်မြင်ခဲ့ကြသူများဖြစ်ကြောင်း၊ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမှရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ထို့ပြင်နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်များတွင်လည်း တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအပါအဝင် အစိုးရအခြေခံပညာအထက်တန်းကျောင်းများသည် ထိပ်တန်းကရပ်တည်နေသည်ကို တွေ့ရကြောင်း။

ယင်းတို့ကိုကြည့်ရှုခြင်းအားဖြင့် ပညာသင်ကြားမှု၊ တတ်မြောက်မှုနှင့် ထူးချွန်စွာအောင်မြင်နိုင်မှု အခွင့်အလမ်းတို့သည် ငွေကြေးတတ်နိုင်မှု၊ အရင်းအမြစ်ကြွယ်ဝမှုတို့အပေါ်ထက် မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ မိဘ၊ ဆရာနှင့်တာဝန်ရှိသူများ၏ အားပေးမှုတို့အပေါ်တွင် အဓိကတည်မှီနေခြင်းဖြစ်သည်ကို ပြောနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့်လည်းတပ်မတော်သားများနှင့် အငြိမ်းစားမိသားစုဝင်များ၏ ပညာရေးကို မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများဟူသည့် စတုရန်းပုံစံ ဝိုင်းဝန်းကြိုးပမ်းပေးခြင်းဖြင့် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့သား၊ သမီးတိုင်း၊ ကျောင်းသားတိုင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ ဆရာ၊ ဆရာမများ၏အနီးကပ်ကြပ်မတ်လေ့ကျင့်ပေးမှုများဖြင့်ကျောင်းအသီးသီးက ကြိုးပမ်းမြှင့်တင်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အခမ်းအနားတွင် (၆)ဘာသာဂုဏ်ထူးရရှိသူ ၆၉ ဦး၊ (၅)ဘာသာဂုဏ်ထူးရရှိသူ ၈၀ ဦး၊ (၃)ဘာသာဂုဏ်ထူးရရှိသူစစ်သည် ၁ ဦး၊ (၂)ဘာသာ ဂုဏ်ထူးရရှိသူစစ်သည် ၇ ဦး၊ (၁)ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ၁၃ ဦး၊ လူရည်ချွန် ၃၄ ဦးနှင့် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများမှ တာဝန်ရှိသူများကို ထိုက်ထိုက်တန်တန်ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အခြားဂုဏ်ထူးရရှိသူများနှင့် ပညာသင်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးများကိုလည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ ကျောင်းသား၊ ကျောင်းသူ ၇၈၇ ဦးကို ပညာသင်ထောက်ပံ့ကြေးများပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ဆရာဝန်ဘွဲ့ရရှိသူ ၃၈ ဦး၊ အင်ဂျင်နီယာဘွဲ့ရရှိသူ ၃၅ ဦးနှင့် အခြားဘွဲ့ရရှိသူ ၄၁ ဦး ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ အတွေ့အကြုံများရရှိပြီး အနာဂတ်ဘဝပုံဖော်သည့်အခါ အကျိုးများစွာပြစေရန် ရည်ရွယ်၍ ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၂၅၇ ဦးကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး ၈ ကြိမ် စေလွှတ်ပေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများကို လေ့လာရေးခရီးသွားရောက်ခဲ့သဖြင့် ရရှိခဲ့သည့်အတွေ့အကြုံများကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြန်လည်အသုံးချ လုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယနေ့အချိန်တွင် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေကြရချိန်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ကြုံတွေ့နေသည့်စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိသော်လည်း အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာနိမ့်ပါးသည့် နိုင်ငံများအနေဖြင့်အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူတိုင်းအကျုံးဝင်သည့်ပညာရေးမှအစပြုပြီး ခေတ်မီထိရောက်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းအောင်မြင်လာသည်အထိ မိမိတို့အားလုံးစည်းလုံးညီညွတ်ပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် တည်ဆောက်သွားကြရန်လိုကြောင်း။

ထို့ကြောင့် အခမ်းအနားကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်တို့ အနေဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးပြီး နိုင်ငံတော်က အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူး(၅)ဘာသာနှင့်အထက် အောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများနှင့် လူရည်ချွန်ဆုရရှိသူကျောင်းသား၊ ကျောင်းသူများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လူရည်ချွန်ဆုရရှိသူ ၅ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ ၂ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ ၅ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ၅ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လူရည်ချွန်ဆုရရှိသူ ၅ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ၂ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးတို့က လူရည်ချွန်ဆုနှင့်ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆုများပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ဇူလိုင် ၂၄

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်လက်ခံတွေ့ဆုံ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရန်အတွက် နှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိကခရီးသွားမြှင့်တင်ရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနေမှု၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး အစီအစဉ်များကို ရေးဆွဲပြီး အိန္ဒိယနိုင်ငံမှခရီးသွားဧည့်သည်များအပြင် နိုင်ငံတကာမှခရီးသွားဧည့်သည်များကိုပါ ဖိတ်ခေါ်သွားနိုင်ရေး၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့်ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားမြှင့်တင်ရေးဗီဒီယိုများရိုက်ကူး၍ Social Media များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အိန္ဒိယနိုင်ငံခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ပြီး ရင်းနှီးကျွမ်းဝင်မှုခရီးစဉ် (FAM-Trip) များ ဖိတ်ခေါ်ဆောင်ရွက်မည့်အစီအစဉ်များ၊ ခရီးသွားဧည့်သည်များ၏ ငွေကြေးလဲလှယ်သုံးစွဲမှု အဆင်ပြေစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိပိုင်
နိုင်ငံသားစိစစ်ရေးကတ်၊
Mobile SIM Card၊
Mobile Payment
Account၊ Bank
Account များအား
မသက်ဆိုင်သူထံသို့
အခကြေးငွေဖြင့်
ရောင်းချခြင်း၊
ငှားရမ်းအသုံးပြုစေ
ခြင်းများဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်
အညီ အရေးယူ
ခံရနိုင်ပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှဇွန်လအထိ တိုင်တန်းစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၈/၂၀၂၄)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သောလူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကော်မရှင်ဥပဒေအခန်း (၅) ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ)အရ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းကိုလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)အရ တိုင်တန်းချက်၊ စွပ်စွဲချက်နှင့် သတင်းအရ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(င)အရ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားသည့်နေရာသို့သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ၊ ဌာနများသို့အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း တာဝန်နှင့်လုပ်ပိုင်ခွင့်အရ နှစ်စဉ်လျာထားချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှဇွန်လအထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ပေးပို့လာသည့် တိုင်တန်းချက် ၁၃၅ စောင် လက်ခံရရှိခဲ့ရာ အဆိုပါတိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အစည်းအဝေး (၂၅) ကြိမ်ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များအနက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန်အကြောင်းကြားခြင်း ၃၁ မှု၊ တိုင်တန်းသူထံ အကြံပြုပြန်ကြားခြင်း ၁၈ မှုတို့ဆောင်ရွက်ပေးခဲ့ပြီး မှတ်တမ်းထားရှိခြင်း ၈၅ မှုနှင့် ကာယကံရှင်၏သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်း ၁ မှုတို့ ပါဝင်ပါသည်။

မှတ်တမ်းထားရှိသည့် တိုင်တန်းချက် ၈၅ စောင်သည် ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့်မညီညွတ်သောအမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသောတိုင်တန်းချက်များဖြစ်သဖြင့် မှတ်တမ်းအနေဖြင့် စနစ်တကျထိန်းသိမ်းထားရှိခြင်းဖြစ်ပါသည်။

တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သကဲ့သို့စိစစ်ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ပေးပို့ခဲ့ရာ လက်ခံရရှိခဲ့သောပြန်ကြားချက်များကို တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်မှပေးပို့ပြန်ကြားပေးခဲ့ပါသည်။ ကော်မရှင်၏ရုံးခွဲများဖြစ်သော နေပြည်တော်(ရုံးခွဲ)၊ မန္တလေး(ရုံးခွဲ)၊ စစ်တွေ(ရုံးခွဲ)နှင့် ပုသိမ်(ရုံးခွဲ) များမှလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိ တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

ကော်မရှင်စစ်ဆေးရေးအဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ အကျဉ်းထောင် ၅ ခု၊ အချုပ်ထောင် ၂ ခု၊ အကျဉ်းစခန်း ၇ ခု၊ ရဲစခန်းအချုပ်ခန်း ၁၂ ခု၊ တရားရုံးအချုပ်ခန်း ၁၃ ခု၊ လူငယ်သင်တန်းကျောင်း ၃ ခုနှင့် ဘိုးဘွားရိပ်သာ ၁၀ ခုတို့ကို ကော်မရှင်ဥပဒေနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှဇွန်လအထိ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ ကြည့်ရှုစစ်ဆေးချိန်အတွင်း အကျဉ်းသား၊ အချုပ်သားတို့ကိုတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၄၁ အရ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ မညီ"၊ အကျဉ်းသား၊ အချုပ်သား အိပ်ဆောင်များ၊ အကျဉ်းသား၊ အချုပ်သားတစ်ဦးချင်းအတွက် ရရှိသင့်သည့်အသုံးအဆောင်များရရှိမှုအခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေ စသည်တို့ကိုမေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့ပြင် အကျဉ်းသား၊ အချုပ်သားများကို ယင်းတို့၏အိပ်ဆောင်များတွင်တွေ့ဆုံကာ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများပြည့်စုံစွာရရှိခြင်း ရှိ မရှိတို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့သကဲ့သို့ တစ်ဦးချင်း လွတ်လပ်စွာ တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း (၃၃) ဦးတို့ကိုလည်း ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ မေးမြန်းမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုင်တန်းစာများအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို အလေးထားစိစစ်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုချက်ပေးပို့ဆောင်ရွက်လျက်ရှိရာတွင် တိုင်ကြားသူများကို လက်တုံ့ပြန်မှုမခံရစေရေး အလေးထားဆောင်ရွက်ပါသည်။

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း၊ **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ်-၀၁-၆၅၉၄၆၇၈၊ ကော်မရှင် website ဖြစ်သော https://mnhrc.org.mm မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။ တိုင်တန်းချက်ပေးပို့ရာတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေပူးတွဲပါရှိရန် လိုအပ်ပါသည်။

တိုင်တန်းချက်များကိုစိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းများခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့တိုင်တန်းစာများ ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၀၇၃၊ ၀၉-၂၅၄၆၂၅၄၄၄

၀၆၇ - ၄၁၁၀၂၈၂၊ ၀၉-၇၇၅၂၉၃၆၁၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းမှ အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့်ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းမှ အောင်ချက်အကောင်းဆုံး တတိယဆုရရှိသည့်ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူရည်ချွန်ဆုရရှိသူ မောင်စွမ်းသူအောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**❖ နိုင်ငံတော်၏အနာဂတ်ကိုတည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင်မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်၊ အသိပညာနှင့်အတတ်ပညာဟန်ချက်မျှတစွာ စွမ်းရည်မြင့်မားမှုမရှိပါက နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီး၌ အားနည်းချက်များဖြစ်ပေါ်စေမည်ဖြစ်ပြီး တိုင်းပြည်စည်းလုံးညီညွတ်ရေးအပေါ်ကိုလည်း မလွဲမသွေသက်ရောက်စေနိုင်၊ နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးကသိရှိနားလည်ပြီးပူးပေါင်းဆောင်ရွက် . . .**

☆ **စာမျက်နှာ ၁၆ မှအဆက်**

KG+9 တက်ရောက်အောင်မြင်သူများအနေဖြင့်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိရန်အတွက် ခရိုင် ၈၄ ခုတွင်ရှိသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်အောင်မြင်ပြီးသူများကိုလည်း မိမိတို့ရရှိသည့် သတ်မှတ်အရည်အချင်းပေါ်မူတည်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာအဆင့်မြင့်ပညာရပ်များကို ဆက်လက်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။ **စာမျက်နှာ ၁၁ သို့**☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး လူရည်ချွန်ဆုရရှိသူ မောင်ဟိန်းကျော်စွာအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏ဇနီး လူရည်ချွန်ဆုရရှိသူ မောင်စိုးရဲထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ထိန်ဝင်း ၅ ဘာသာဂုဏ်ထူးရရှိသူ မရှင်းသန့်မေအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ၅ ဘာသာဂုဏ်ထူးရရှိသူ မောင်ထူးနန္ဒအောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ဒုတိယဆုရရှိသည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လူရည်ချွန်ဆုရရှိသူ မောင်ရဲရင့်ထွန်းအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## ❖ ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိက အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းတစ်ယောက်တွင်ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု စသည့် စိတ်နေစိတ်ထားအခြေခံကောင်းများဖြစ်လာအောင် လေ့ကျင့်ပုံဖော်ပေးသည့်အရာဖြစ် . . .

## ❖ အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ်ထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် . . .

☆ ရှေ့ဖုံးမှအဆက်

ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှုတာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းတစ်ယောက်တွင်ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု စသည့် စိတ်နေစိတ်ထားအခြေခံကောင်းများဖြစ်လာအောင် လေ့ကျင့်ပုံဖော်ပေးသည့်အရာဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ်ထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးချိန်မှစပြီး ပညာရည်မြှင့်တင်ရေးအဖြစ် ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရေးနှင့် KG+9 အထိ မဖြစ်မနေသင်ကြားရေးကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊

စာမျက်နှာ ၁၅ သို့☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လူရည်ချွန်ဆုရရှိသူ မဆုအိမြစန်းအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မအင်ကြင်းအောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လူရည်ချွန်ဆုရရှိသူ မအေးရတီထိုက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်ဝင်းထွဋ်ခေါင်စိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မရတီချမ်းငြိမ်းဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 24

# Soldiers of Tatmadaw (Army, Navy and Air) and children of in-service Tatmadaw members, war veterans, substitute civilian service persons who passed the matriculation examination for academic year 2023-2024 with flying colours and qualified for outstanding students honoured



Senior General Min Aung Hlaing presents honorary award to the head of a military basic education school.

A ceremony to honour soldiers of Tatmadaw (Army, Navy and Air) and children of in-service Tatmadaw members, war veterans, substitute civilian service persons who passed the matriculation examination for academic year 2023-2024 with flying colours and qualified for outstanding students was held at Zeyathiri Villa here this afternoon, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, who gave away honorary awards.

Present at the ceremony together with the Senior General were wife, Daw Kyu Kyu Hla, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, SAC member Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air), union level officials and wives, senior military officers from the Office of the Commander-in-Chief and wives, the chair of Central Executive Committee of Myanmar War Veterans Organization and members, the Nay Pyi Taw Command commander, administrators and principals, prize-winner soldiers and students of Tatmadaw basic education high schools and Tatmadaw education schools, parents, teachers and invited guests.

In his address, the Senior General said education is the main foundation of national development, and also acts as a motivation for citizens to observe ethics and discipline and to embrace collective action. Emergence of highly educated and qualified human resources supports national development and nation-building undertakings. A country will gain progress only if it's rich in human resources with intellectual and technological knowledge and brilliant thinking power.

SAC has adopted a policy that ensures educational opportunity for all school age children and a compulsory KG+9 program. It has also opened basic education high schools in 84 districts as a portal for students to study mechanical, agricultural and breeding subjects after the completion of KG+9. It also made arrangements in advance for those who have completed studies at the schools to continue advance studies on the said subjects.

Long-term education promotion is the best and most effective and appropriate means to build the country's future. Imbalanced progress between intellectual knowledge and technological knowledge will form weaknesses in the country's political, economic and social sectors, and they are sure to have adverse effects on national unity. All must have the awareness of the education promotion programs for a bright future and should collectively partake

See Page - 21►►



Senior General Min Aung Hlaing presents prize and certificate to outstanding winner Maung Aung Phone Pyae.



Daw Kyu Kyu Hla presents prize and certificate to six-distinction winner Maung Kaung Htet Tha.

TOURISM

# King Nadaung's Maha Bawdi Pagoda and Inwa era's inscriptions in Bagan attract visitors

When travellers visit the Bagan-NyaungU ancient cultural Zone, NyaungU Township, Mandalay Region, they can study the architecture of Maha Bawdi Pagoda, which was built by King Nadaung in 1215 AD.

The pagoda was built by King Nadaung in 1215 AD and is believed to have been built in the style of the Maha Bawdi Pagoda in Budh Gaya, where the Bodh was born. It can be seen that the lower part is built in the shape of an Indian temple, and the upper part is built in a pyramid shape.

The large statue inside the archway cave is a post-renovation work, and there is a small staircase to go up to the upper floor.

On the east wall of the upper floor arch, visitors can study the inscriptions of the Inwa era.

Maha Bawdi Pagoda is a two-terrace building with a height of 140 feet.

There are small pagoda models in all four corners of the pagoda.

According to historical evidence, both the base and the upper part of the pagoda have many small wall portals, and it can be observed that 465 Buddha images are placed in different postures.

To the north of the Maha Bawdi Pagoda are the Lacquerware College (Bagan) and the Ayeyawady River.

To the east of the pagoda is the Tharapa Gate.

To the south of the pagoda are Aung Myay Gone Palace where the Kings Anawrahta and Kyansittha lived, Pittaka Building, and Taphatkya Pagoda.

To the west of the pagoda is Bu Pagoda.

According to officials of the Department of Archeology and National Museum (Bagan Branch), 3,822 pagodas with different construction styles in Bagan Ancient Cultural Zone can be studied. **SK**



SOCIAL

# Govt to provide social pension to more than 200,000 older persons twice a year

The Department of Social Welfare stated that the government will provide social pension to more than 200,000 older persons across the nation twice a year.

The department issues social pension to the older persons of more than 90 years of age as from 2017-2018 financial year. But the agewise term for social pension was changed to 85 years and above of older persons as from 2018-2019 financial year, and Ks-10,000 per month for them was issued once every three months.

"In 2023-2024 financial year, the department will present Ks-30,000 for three months and issuance of the social penson will be undertaken twice a year," said assistant director U Aye Min of Yangon Region Social Welfare Department.

"Previously, we provided Ks-10,000 per month for them, and it was issued once every three months. Now, we will deliver it twice a year. We have received the budget for social pension," he explained.

The department spends some Ks-6 billion on issuance of social pensions for more than 200,000 older persons across the nation.

Hence, the older persons wishing to apply for the social pensions have to send their application attached to citizenship scrutiny card of households registration Form 66-D at the region/state/district and township Social Welfare Department. **SMK**

AGRICULTURE

# More than 2,000 acres of monsoon green gram planted in Myinmu Township

The statistics of Sagaing District Agriculture Department indicated Myinmu Township Agriculture Department has planted 2,398 acres of monsoon green gram.

In 2024-2025 monsoon season, the township earmarked 829 acres of pre-monsoon green gram and 16,609 acres of monsoon green gram but local farmers cultivated 819 acres of pre-monsoon green gram and 1,579 acres of monsoon green gram, totalling 2,398 acres.

"This year, Myinmu Township earmarked 17,438 acres of pre-monsoon and monsoon green gram. So far, local farmers have planted 2,398 acres. They are striving for meeting the target cultivation. Our department helps local farmers expand sown acreage and use high yield strains of crops," said Daw Thida Lwin, Head of Sagaing District Agriculture Department.

This year, agricultural staff raised farmer awareness of using quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers.

Moreover, the department provided necessary quality strains of green gram, inputs and post-harvest technology. **SMK**

BUSINESS

# Yinkwe mangoes receive good demand from China fetching good price

"The price of the Yinkwe mangoes produced this year for export to the Chinese market is better than last year," said U Kyaw Soe Naing, secretary of the Myanmar Mango Market and Technology Development Association (Mandalay).

At the moment, the season of Sein Ta Lone and Shwe Hintha mangoes in the plains is almost over, and the Yinkwe mangoes are being exported to the Chinese market. Last year's mango season, a 16-kg basket of Yinkwe mangoes fetched more than 70 yuan but it is 80 to 90 yuan per 16-kg basket, fetching good prices.

Myanmar is exporting mangoes to the Chinese market this year due to the demand from China. Myanmar exports Sein Ta Lone, Shwe Hintha, Yinkwe, Padamya Nga Mauk and Methi mangoes to the Chinese market in the mango season. This year's yield is low due to the weather, but it is fetching a good price in the market. **SK**

AGRICULTURE

# Dabayin Township farmers cultivate 13,856 acres of rain-fed green beans

A total of 13,856 acres of green beans have been planted in Dabayin Township, YeU District, Sagaing Region in this year rain crops planting season, according to statistics from the Department of Agriculture for YeU District.

In 2024-2025 rain crops planting season, 5,848 acres of pre-rain green beans and 14,939 acres of rain-fed green beans have been earmarked for planting and 12,330 acres of pre-rain green beans and 1,526 acres of rain-fed green beans have been planted since May of this year.

"In this year's rain crop planting season, more than 20,000 acres of pre-rain green beans and rain-fed green beans have been earmarked for planting. To date, more than 10,000 acres have been planted. We are working to ensure that the designated acres are fully planted. Regarding the cultivation of green beans, there is education to expand cultivation and to use good varieties for good yield," said U Zaw Myint Tun, head of the Department of Agriculture for YeU District. **SK**

▶▶ From Page - 21

students. Among them, 38 have obtained medical degrees, 35 engineering degrees, and 41 other degrees. Additionally, to gain experience and shape their future, 257 outstanding students have been sent on eight study tours abroad, believing that the experiences gained will benefit national development.

Today, countries around the world, including our own, face various challenges. While developed nations with advanced knowledge and skills can overcome these challenges, less developed nations face numerous difficulties. Therefore, it is essential for everyone to unite and establish a modern and effective education system to ensure comprehensive education for all.


Hence, young attendees are encouraged to strive to become exceptional and reliable individuals who can be relied upon by the nation.

Afterward, Adjutant General Lt-Gen Soe Min Oo explained the achievements of the outstanding soldiers, children of military families, retired military personnel, and civil servants' children who excelled with distinctions in five or more subjects in the 2023-2024 academic year university entrance exams. He also elaborated on the award-winning statuses of students from military education schools, basic education schools, and outstanding individuals.

After that, the awarding ceremony continued and officers' in-charge of school administration from basic education high schools under the Directorate of Public Relations and Psychological Warfare that won the first, second and third places in 2023-2024 university entrance exams were presented with an award and certificate of honor by the Commander-in-Chief of the Defence Services.

Furthermore, the Chairman of State Administration Council Commander-in-Chief of Defence Services presented medals, awards and Certificates of Merit to the 5 winners of the Merit Award and two outstanding students who passed the matriculation exam with 6 distinctions.

After that, the wife of the Chairman of State Administration Council Commander-in-Chief of Defence Services Daw Kyu Kyu Hla awarded presented medals, awards and Certificates of Merit to the 5 winners of the Merit Award and five outstanding students who passed the matriculation exam with 6 distinctions.



Vice-Senior General Soe Win presents prize and certificate to six-distinction winner Ma Htet Yadana Myo.



Outstanding students being seated at the ceremony.

After that, the Vice-Chairman of the State Administration Council, Deputy Commander-in-Chief of Defence Services, Commander-in-Chief (Army) Vice-Senior General Soe Win, presented award and certificate of honor to the principals of the basic educational schools that won the first, second and third places of best passers from the basic educational schools under the Tatmadaw in the 2023-2024 academic year.

Next, the Vice-Senior General presented medals, awards and Certificates of Merit to the 5 winners of the Merit Award and two outstanding students who passed the matriculation exam with 6 distinctions.

Then, the Council member, Chief of General Staff (Army, Navy and Air) General Maung Maung Aye and his wife, Council Secretary Lt-Gen. Aung Lin Dway and his wife, Council Joint-Secretary Lt-Gen. Ye Win Oo and his wife, Council Member Union Minister for Defence Admiral Tin Aung San's wife, Commander-in-Chief (Navy) Commodore Htein Win and his wife, Commander-in-Chief (Air) General Tun Aung, Lt-Gen. Thet Pone and Lt-Gen. Phone Myat from the Office of the Commander-in-Chief (Army), Lt-Gen. Sein Win (retired) Central Executive Chairman of Myanmar War Veterans' Organization and Adjutant General Lt-Gen. Soe Min Oo presented medals, awards and Certificates of Merit to the winners of the Merit Award, outstanding students and other ranks.

After the awards were presented, a student expressed her gratitude on behalf of the outstanding students and the soldiers. After that, the Chairman of State Administration Council Commander-in-Chief of Defence Services and the members took documentary photographs with the outstanding students and the soldiers.

After that, the Chairman of State Administration Council Commander-in-Chief of Defence Services and his wife presented the attendees, prize-winning soldiers, students, parents and teachers with food. While enjoying the food, artists from the Myawady Music Band under the command of the Directorate of Public Relations and Psychological Warfare performed songs honouring the youths.

After the reception, the Chairman of State Administration Council Commander-in-Chief of Defence Services and his wife and members greeted warmly to prize-winning soldiers, students and parents. 100



Outstanding students and attendees being served with food.

►► From Page - 18

in them.

The average pass rate of Tatmadaw member students in the previous year's matriculation examination was 24.58 percent, while the average pass rate of Tatmadaw basic education high schools was 60.94 percent. One Tatmadaw member student got distinction in three subjects, five in two subjects and 12 in one subject. At the same time, Tatmadaw basic education high schools generated 17 six-distinction winners, 26 five-distinction winners, 31 four-distinction winners, 38 three-distinction winners, 65 two-distinction winners, and 197 one-distinction winners.

When considering the military education schools, the No. (2) Education School had an average pass rate of 66.67 percent, while among the military basic education high schools, No. (6) Basic Education High School (Sittwe) and No. (2) Basic Education High School (Mingaladon) had an average pass rate of over 95 percent. This achievement and the numerous honors produced bring immense pride.

In our country, to expand the educational sector, private schools were permitted to open starting from the 2012-2013 academic year. Although private schools emerged, the majority of the public still attended government basic education schools. Children of military personnel, who are also children of government employees, primarily attend government basic schools. The majority of award winners today have successfully excelled in their studies at government basic education schools through their own efforts. Furthermore, annually, the top pass rates in university entrance exams are seen from government basic education high schools, including military schools.



Senior General Min Aung Hlaing and wife greet outstanding students.



Vice-Senior General Soe Win presents honorary award to the head of a military basic education school.



Vice-Senior General Soe Win presents prize and certificate to six-distinction winner Ma Hay Marn Wint Aung.

Observing these results shows that opportunities for educational success and excellence depend more on personal effort and encouragement from parents, teachers, and responsible persons rather than financial capability and abundant resources. The government and Tatmadaw are working to enhance the education of Tatmadaw families through collaborative efforts from parents, teachers, students, and responsible persons. Therefore, it is encouraged to uplift every student through their own hard work and close guidance from teachers.

At today's ceremony, there will be awards presented to 69 students who excelled in six subjects, 80 students in five subjects, one soldier in three subjects, seven soldiers in two subjects, thirteen soldiers in one subject, 34 outstanding individuals, and the best-performing military education schools and high schools. Other award-winning students and scholarship recipients will receive their honors at their respective regional military headquarters.

The Tatmadaw, besides these honors, has provided university scholarships from the 2013-2014 academic year to the 2023-2024 academic year to 787

See Page - 20►►

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# သို့ . . . လက်ဦးဆရာ



နွေကံ့ကော်(မြို့လှ)

**"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"**

ကျွန်တော်တို့ ငယ်စဉ်ကတည်းက မှတ်သားခဲ့ရသည့် ဆောင်ပုဒ်ပင်ဖြစ်ပါ၏။ လူတစ်ယောက် ဘဝရှင်သန်ရပ်တည်နိုင်ရန် အသိပညာ၊ အတတ်ပညာများ ဝမ်းစာပြည့်ဝနေဖို့လိုပေသည်။ ထို့အတွက် ပညာကို မဖြစ်မနေသင်ယူကြရမည်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင် နိုင်ငံသားတို့အား ပညာသင်ယူနိုင်စေရန် အခွင့်အလမ်းများပေးထားသည်။ ထို့ပြင် ထူးချွန်ထက်မြက်သူတိုင်းကိုလည်း ချီးမြှင့်မြှောက်စားလျက်ရှိနေသည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ပညာအရည်အချင်းမြင့်မားမှသာ မိမိတို့မှီတင်းနေထိုင်သည့် နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်နိုင်ကြမည်ဖြစ်၏။ နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးခြင်းဟူသည် အမိဝမ်းမှ ကျွတ်လာသည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ တာဝန်ချည်းသက်သက်မဟုတ်ပေ။ အုပ်ထိန်းသူမိဘများနှင့် စာသင်ခန်းထဲမှ ဆရာတို့၏ အခန်းကဏ္ဍများစွာအရေးပါလျက်ရှိနေသည်ကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေပြည်တော် ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည့်ပုံရိပ်များကို မြင်တွေ့မိရာမှ ဆင့်ပွားအတွေးများ ကျွန်တော့်နှလုံးအိမ်ထဲ ဝင်ရောက်လာခဲ့မိသည်။

ထိုဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးခဲ့ခြင်းဖြစ်သည်။

မြန်မာမှုနယ်ပယ်တွင် **"ဆရာကောင်း တပည့် ပန်းကောင်းပန်"** ဟု ဆိုကြသည်။ တပ်မတော်တွင်မူ **"မီးနာမှသံကောင်းမည်၊ သံကောင်းမှ ဓားထက်မည်"** ဟူသော လေ့ကျင့်ရေးဆောင်ပုဒ်အား တပ်မတော်သားတိုင်း ရင်းနှီးပြီးသားဖြစ်ကြပေသည်။ မိဘကောင်းနှင့်ဆရာကောင်းတို့၏ကျေးဇူးကြောင့် ယနေ့ဆိုလျှင် မျိုးဆက်သစ် တပ်မတော်သားများ၊ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ ဘဝတစ်ဆစ်ချိုးအောင်မြင်မှုကိုရရှိခဲ့ကြပြီ။ တပ်မတော်အကြီးအကဲကလည်း ဝမ်းသာဂုဏ်ယူစွာ ဆုများချီးမြှင့်ခဲ့လေပြီ။ ဘဝတစ်သက်တာ ဂုဏ်ယူဖွယ်ရာအခိုက်အတန့်အဖြစ် သူတို့လေးတွေ၏ ဘဝမှတ်တိုင်တွင် မှတ်တမ်းကောင်းကျန်ရစ်ခဲ့ကြပြီဖြစ်သည်။ မိဘများဂုဏ်ယူနေကြပြီ။ ဆရာများသည်လည်း ပီတိများခံစားနေရပြီ။ မပျော်ဘယ်သူရှိကြပါမည်နည်း။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **"ပညာရေးသည်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းတစ်ယောက်တွင်ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု စသည့်စိတ်နေစိတ်ထားအခြေခံကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပုံဖော်ပေးသည့်အရာဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးပိုင်းတို့တွင် ကောင်းမွန်သည့်အထောက်အပံ့ကောင်းများရရှိမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ်ထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။



ယနေ့အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၆၉ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၈၀ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ၁၃ ဦး၊ လူရည်ချွန် ၃၄ ဦးနှင့် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ တာဝန်ရှိသူများကို ထိုက်ထိုက်တန်တန် ဆုပေးအပ်ချီးမြှင့်ခဲ့ပြီး အခြားဂုဏ်ထူးရရှိသူများနှင့် ပညာသင်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သားသမီးများ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခြင်းမှာ မိဘများအတွက် ဝန်ကြီးတစ်ခုပေါ့ပါးသွားခြင်းဖြစ်ကြောင်း စာရေးသူကောင်းစွာနားလည်သည်။ မိမိတို့ကိုယ်တိုင် မိဘများအတွက် ဝန်တစ်ခုသဖွယ် အတိတ်ကာလတွင်ရှိခဲ့ဖူးသည်မဟုတ်ပါလော။ မိဘတို့သည် သားသမီးတို့ပညာရေးအတွက် ဝန်ထုပ်ကြီးတစ်ခုကို သယ်ပိုးထားရသည့်တိုင်အပြုံးမပျက်ဘဲ ရှေ့ခရီးဆီဖြောင့်ဖြောင့်လျှောက်ခဲ့ကြသည်။ လယ်ထဲ ယာထဲ ရွှံ့ထဲ ဗွက်ထဲမှသော်လည်းကောင်း၊ ဈေးတောင်းခေါင်းရွက်၍သော်လည်းကောင်း၊ အခြေခံလုပ်သားများအဖြစ်သော်လည်းကောင်း ဘဝအသီးသီးကိုဖြတ်ကျော်လျက် ပညာအမွေပေးခဲ့ကြသည့်ပုံရိပ်များ စာရေးသူတို့လူမှုဝန်းကျင်တွင် မနည်းတော့လေပြီ။ ထိုသို့သော မိဘများ၏ရုန်းကန်မှုများအတွက် မိမိတို့၏ပညာရေးခရီးလမ်းတာဝန်အောင်မြင်အောင် လျှောက်လှမ်းရမည်မှာ သားသမီးတို့၏ တာဝန်ပင်ဖြစ်လေသည်။ ယခုဆုချီးမြှင့်ခြင်းခံရသည့် ကျောင်းသား၊ ကျောင်းသူတို့တွင် ထိုသို့သောဘဝကြမ်းကြမ်းများမှ ပါဝင်ခဲ့ကြသူများ မလွဲမသွေပါဝင်ကြပေလိမ့်မည်။ သူတို့၏ကြိုးစားမှုသည် မိမိအတွက်မှသည် မိသားစုအတွက်ဖြစ်ခဲ့သည်။ ထို့နောက် ဇာတိရပ်ရွာ ကျောင်းတော်ကြီးအတွက်ဖြစ်ခဲ့သည်။ တစ်နေ့နေ့တွင်မူ ဆက်လက်သင်ယူကြမည့် ပညာရပ်များမှတစ်ဆင့် လူသားအရင်းအမြစ်ကောင်းများကိုရရှိကာ နိုင်ငံတော်အတွက် ဆက်လက်အကျိုးပြုကြပေဦးမည်။ ထိုသို့သော မျှော်လင့်ချက်များဖြင့် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုကာ မျိုးဆက်သစ်မောင်မယ်များစွာကို တပ်မတော်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အနေဖြင့်သော်လည်းကောင်း ဖော်ထုတ်မြေတောင်မြှောက်ပေးလျက်ရှိသည်။

လူငယ်များ၏ ကြိုးစားအားထုတ်မှု၊ အောင်မြင်မှု၊ မှန်ကန်သည့်ရဲဝံ့တက်ကြွမှုပုံရိပ်များကိုမြင်ရတိုင်း စာရေးသူအားရကျေနပ်ပီတိဖြစ်မိသည်။ ထိုလူငယ်လေးများကိုသော်လည်းကောင်း၊ ပြုစုပျိုးထောင်သင်ကြားပေးခဲ့ကြသည့် မိဘဆရာများကိုသော်လည်းကောင်း လေးစားမုဒိတာပွားမိသည်။ လူငယ်များသည် အညွန့်တလူလူဖြင့် သင်ယူနေရမည်၊ ကြိုးစားနေရမည်။ **ပညာမရ ဥစ္စာရ** တစ်နည်းနည်းဖြင့် နေ့ရက်ပေါင်းများစွာကိုကျော်ဖြတ်နေရမည်။ လောကသာရပျို့ပါ **"အဌာရသ၊ သိပ္ပအပြား၊ အတတ်များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တပ်သိအပ်စွ၊ ထိုသိပ္ပကို၊ နှံ့မျှလုံးခြုံ၊ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုကုံအောင်၊ စီးပွားဆောင်"** ဟူသည့်အတိုင်း အတတ်ပညာမျိုးစုံကို မတတ်ကျွမ်းသည့်တိုင် မိမိအားသန်သော ပညာရပ်တစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြု စီးပွားရှာနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

လယ်ထဲယာထဲမှ ပညာတတ်ကြီးများ၊ သူဌေးကြီးများ၊ မင်းစိုးရာဇာများ ကြိမ်ဖန်များစွာ ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်များအကြောင်း ရုပ်ရှင်များတွင်ရှိသည်။ စာအုပ်စာပေများတွင်ရှိသည်။ မှန်ကန်ကောင်းမွန်သော အနုပညာစာပေလက်ရာများနှင့် လက်ဦးဆရာများရင်းနှီးထားကြဖို့လိုသည်။ သို့မှသာ ကောင်းမွေကိုလက်ဆင့်ကမ်းနိုင်သူများဖြစ်ကြပေမည်။ ခြွင်းချက်အနည်းငယ်လည်းရှိနိုင်သည်။ အချို့မိဘများ တော်ကြထက်ကြပါလျက် သားသမီးများကိုလည်းဆိုဆုံးမပါလျက် မျိုးဆက်သစ်များဆီမှ အရည်အသွေးကောင်းများမရခြင်းမျိုးလည်း ရှိနေပါသည်။ သားသမီးများ၏ ယုံကြည်ချက်၊ ခံယူချက်များကောင်းမွန်စေဖို့ ငယ်စဉ်ကလေးဘဝကတည်းက တည့်မတ်ပေးနိုင်မှသာ ရေရှည်ဘဝလမ်းကြောင်းဖြောင့်တန်းစွာ မိမိကိုယ်ကိုအားကိုးလျက် လျှောက်လှမ်းနိုင်မည်ဟု စာရေးသူအခိုင်အမာယုံကြည်သည်။

စာမျက်နှာ ၂၃ သို့ ♦

♦ စာမျက်နှာ ၂၂ မှအဆက်

ဆုပေးပွဲအခမ်းအနားတွင် ဆုချီးမြှင့်ခြင်းခံရသည့် တပ်မတော်သားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအတွက် သာမက **"နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ"** များအဖြစ် ထုဆစ်ပုံဖော်ပေးခဲ့ကြသည့် ကျောင်းအုပ်ကြီးများအတွက်လည်း အထူးဝမ်းသာဂုဏ်ယူမိသည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်၊ စာပေများကိုဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင် ကြိုးစားသွားကြရန်လိုအပ်သည်။ သို့မှသာလျှင် အဆိုးအကောင်း၊ အကျိုးအကြောင်း ခွဲခြားသိမြင်မှုနှင့်အတူ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ကောင်းများဖြစ်လာကြမည်ပင်ဖြစ်သည်။ မိမိတို့တစ်ဦးချင်းစီ၏ မှတ်တမ်းကောင်းပုံရိပ်များသည် မိမိတို့၏ မိဘဆွေမျိုးဂုဏ်ကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မိမိတို့ကျောင်း၊ ရပ်ရွာမှသည် နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ မှတ်ကျောက်များပင်ဖြစ်သည်။ တစ်နည်းဆိုသော် သူတို့လေးတွေသည် ဆရာကောင်းတပည့် ပန်းကောင်းပန်ခဲ့ကြခြင်းဖြစ်သလို တပ်မတော်သားစစ်သည်များအနေဖြင့်လည်း မိးနာခြင်း၏ ဒဏ်ကြောင့် သံကောင်းကိုရရှိခဲ့ခြင်းလည်း ဖြစ်ပေသည်။ ထိုသံကောင်းတို့သည် မကြာမီထက်မြက်သော ဓားသွားများဖြစ်လာကြပေတော့မည်။ ပန်းကလေးများအလှဖြင့် တိုင်းပြည်ကိုအလှဆင်ကြမည်ဖြစ်ပြီး ထက်မြက်သည့် ဓားသွားတို့ကလည်း တိုင်းပြည်ကိုကာကွယ်ကြပေတော့မည်။ ထိုသို့ အလှတွင်အယဉ်ဆင့် ကာကွယ်ရေးစွမ်းအားများအသင့်ရှိစေဖို့ တပ်မတော်သည် မိမိတို့တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် တပ်မတော်၊ နိုင်ငံတော်အစိုးရတို့မှ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နေချိန်တွင် လက်ဦးဆရာများဖြစ်ကြသည့် မိဘ၊ ဆရာတို့ကလည်း မိမိတို့တွင် အဓိကတာဝန်ရှိသည်ဟူသော အသိတရားခံယူချက်များ နှလုံးအိမ်တွင် စွဲထင်စေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန် ဇူလိုင် ၂၄

# အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဩစတြေးလျအသင်းကို ရှုံးနိမ့်ပြီး မြန်မာအသင်းအုပ်စုအဆင့်မှ ထွက်ခွာခဲ့ရ

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B)အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာ ယူ-၁၉ အသင်းနှင့် ဩစတြေးလျ ယူ-၁၉အသင်းတို့ကစားခဲ့ရာ မြန်မာယူ-၁၉ အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ ယူ-၁၉ အသင်းက မဖြစ်မနေအနိုင်ရရှိမှသာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည့်အတွက် အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ဩစတြေးလျ ယူ-၁၉ အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သော်လည်း ခြေစွမ်းပိုင်းအရ ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းသွင်းဂိုးဖြင့် ဩစတြေးလျ ယူ-၁၉ အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ အုပ်စုပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းနှင့် တစ်ဂိုးစီသရေရလဒ်၊ အုပ်စုဒုတိယပွဲစဉ်တွင် လာအိုအသင်းနှင့် တစ်ဂိုးစီသရေရလဒ်နှင့် နောက်ဆုံးပွဲစဉ်တွင် ဩစတြေးလျ ယူ-၁၉ အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ရမှတ်နှစ်မှတ်ဖြင့် အုပ်စုအဆင့်မှပင်ထွက်ခွာခဲ့ရသည်။

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B)၏ အုပ်စုပွဲစဉ်များအပြီးတွင် ဩစတြေးလျ ယူ-၁၉ အသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ် ယူ-၁၉ အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ မြန်မာ ယူ-၁၉ အသင်းက ရမှတ် နှစ်မှတ်ဖြင့် အုပ်စုတတိယနှင့် လာအို ယူ-၁၉ အသင်းက ရမှတ်တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်ခဲ့ကြကြောင်း သိရသည်။ **စည်သူအောင်**

နေပြည်တော် ဇူလိုင် ၂၄

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများတွင် မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရ



မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီတွင် ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးအားကစားကွင်းတို့၌ ကျင်းပခဲ့သည်။

ယနေ့ အမျိုးသားဘောလုံးအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပေါင်းလောင်းအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့်စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက် နှစ်ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ လယ်ဝေးအားကစားကွင်း၌ ချင်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်**(ယနေ့)** ညနေ ၃ နာရီတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပေါင်းလောင်းအားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ လယ်ဝေးအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **ကျော်လွင်(မြဝတီ)**

ရန်ကုန် ဇူလိုင် ၂၄

# အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ကာဆူကာအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိ




အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ်ယနေ့ည ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့်ဘရူနိုင်းကလပ် ကာဆူကာအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄ မိနစ်တွင် ပယ်နယ်တီမှတ်ဆင့် ပထမဦးဆောင်ဂိုး၊ ပွဲချိန် ၄၃ မိနစ်တွင်လည်း ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းကပင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၇ မိနစ်တွင် ကောင်းမြတ်သူက တတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းက ၃ ဂိုးပြတ်ဖြင့် ဦးဆောင်ခဲ့ပြီးနောက် ကာဆူကာအသင်းပြန်လည်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန်မိနစ် ၈၀ တွင် ပယ်နယ်တီမှတ်ဆင့် ဝီလီယံက ချေပဂိုး ၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဘရူနိုင်းနိုင်ငံတွင် ကာဆူကာအသင်းနှင့်ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ၁ ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်အတွက် ရှမ်းယူနိုက်တက်အသင်းက နှစ်ကျော့ပေါင်း ၄ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်းသိရသည်။

**စည်သူအောင်**

ရန်ကုန် ဇူလိုင် ၂၄

# ဆေးပညာဘာသာရပ်တွင် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပသည့် ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ)အောင်မြင်ပြီး ဆေးပညာဘာသာရပ်တွင် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန ဆေးတက္ကသိုလ်(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် ဒုတိယပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်းဆေးပညာအဖွဲ့မှ တာဝန်ရှိသူက ဆေးတက္ကသိုလ် (၁) ရန်ကုန်သို့ အလှူငွေများပေးအပ်၍ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ တပ်မတော်ဆေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ် (တောင်ကြီး) တို့မှ ဆေးပညာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၄၇ ဦးကို ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့အနေဖြင့် ဆေးပညာဘာသာရပ်တွင် ဂုဏ်ထူးရရှိသည့် ကျောင်းသားများကို နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ၁၀ နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ဆေးပညာရပ်တွင် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ဆရာဝန်များကို ဂုဏ်ပြုချီးမြှင့်ခြင်းအားဖြင့် ယခုထက်ပိုမိုကြိုးစားချင်စိတ် ရှိလာစေရန်နှင့်အရည်အသွေးပြည့်ဝပြီး နိုင်ငံတော်နှင့်ပြည်သူကအားကိုးရသည့် မျိုးဆက်သစ်ဆရာဝန်များ ပေါ်ထွက်လာစေရန်ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မိုင်းတုံ၊ လူမှုရေး

## မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ၌ မိုးရာသီကာလ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုလျော့နည်းစေရန်ရည်ရွယ် ၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် မိုင်းတုံ မြို့ပေါ်ရှိ ရပ်ကွက်/ ကျေးရွာများ၌ ဆောင်ရွက်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိ စေရန်အတွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိ သူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ နေအိမ်ပတ်ဝန်းကျင်အတွင်း ခြင်ခိုအောင်းမှုမရှိစေရန်ခြင်ဆေးငွေ့မှုတ် ပေးခြင်း၊ ရေလှောင်ကန်များ၊ရေပီပါများ၊ ရေပုံးများ၊ ရေမြောင်းများ၊ ဘုရားပန်းအိုး များ၊ မိုးရေဝင်နိုင်သည့် အိုးခြမ်းပဲ့၊ တာယာ ကွင်း၊ ပတ်ဝန်းကျင်ရှိအမှိုက်သရိုက်များ စသည့်ခြင်ပေါက်ပွားနိုင်သည့်နေရာများကို ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေးခတ်ပေး ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထို့ပြင် ကျန်ရှိသည့်စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့်ရပ်ကွက်များကိုလည်း ဆက်လက်၍ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်းသိရသည်။

**ဝင်းဝင်းခိုင်(မိုင်းတုံ၊ပြန်/ဆက်)**



တာချီလိတ်၊ လူမှုရေး

## တာချီလိတ်မြို့ ရွှေဝါနဒီပန်းခြံအဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ပန္နက်တင်မင်္ဂလာကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ရွှေဝါနဒီပန်းခြံအား အများပြည်သူ အပန်း ဖြေအနားယူနိုင်သည့်ပန်းခြံအဖြစ် အဆင့် မြှင့်တင်တည်ဆောက်နိုင်ရေး ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၂၄ ရက် နံနက်ပိုင်းတွင် ပန်းခြံတည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် နမ့်ခမ်းမြို့ ဇေယျသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နယ်စပ် နှင့် တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏသ အရှင်သူမြတ်ထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလခံယူဆောက် တည်ကာ ဆရာတော် သံဃာတော် အရှင် သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်သော အန္တရာယ်ကင်း ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုပြီး သံဃာတော် အရှင်သူ မြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာ ရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ယာယီနေရပ် စွန့်ခွာဝန်ထမ်းများအတွက် ထောက်ပံ့ငွေ များလှူဒါန်းခဲ့သည့် မြို့မိ၊ မြို့ဖများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုစမ္မ အရှင်သူမြတ်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာ ရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်း ထွန်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ များနှင့် တာဝန်ရှိသူများက သတ်မှတ် နေရာအသီးသီးတွင် မင်္ဂလာပန္နက်တိုင် များအား ရိုက်သွင်းကြကြောင်း သိရ သည်။

**ဇင်ယော်(တာချီလိတ်)**

မိုင်းဆတ်၊ လူမှုရေး

## စာအုပ်စာစောင်များလှူဒါန်းပြီး စာကြည့်တိုက် Activities များဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ၌ ကျေးရွာစာကြည့်တိုက်များရှင်သန်ခိုင်မာ စေရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်းနှင့် စာကြည့်တိုက် Activities များဆောင်ရွက်ခြင်းကို ဇူလိုင်လ ၂၃ ရက် တွင် တာဝန်ရှိသူများ ကွင်းဆင်းဆောင် ရွက်ကြောင်း သိရသည်။



ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကား ပြောကြားပြီး မိုင်းဆတ်ခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုး သွယ်က ကျေးရွာစာကြည့်တိုက်များ အတွက် စာအုပ်စာစောင်များ လှူဒါန်းရ သည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ မိုင်းဆတ်ခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုး သွယ်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းထင် ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအားလွန်တို့က နောင်ဘိုကျေးရွာရှိ ရောင်ခြည်သစ်စာကြည့်တိုက်၊ မယ်နင် ကျေးရွာအုပ်စု နောင်ဖာကျေးရွာရှိ လမ်းသစ် စာကြည့်တိုက်၊ ဝိန်းပိုင်ရပ်ကွက်ရှိ ရွှေသုတ စာကြည့်တိုက်၊ ဝိန်းနေရပ်ကွက် ဝိန်းကောင်း ရပ်ရှိ မြတ်ရွှေအိုးစာကြည့်တိုက်နှင့် ဝိန်းနေ ရပ်ကွက် ကုန်းကုလားရပ်ရှိ အလင်းရောင် စာကြည့်တိုက်တို့အတွက် စာကြည့်တိုက် တစ်တိုက်လျှင် စာအုပ်စာစောင် ၂၂ အုပ် နှုန်းဖြင့် စုစုပေါင်းစာအုပ်စာစောင် ၁၁၀ အုပ် ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် တာဝန်ရှိသူတို့က လက်ခံရယူကြပြီး ကျောင်းသား၊ ကျောင်းသူများအား ဆေးရောင် ခြယ်ပြိုင်ပွဲနှင့် ဘောလုံးပစ်ပြိုင်ပွဲများ ကျင်းပ ကြောင်း သိရသည်။ **မြင့်မောင်(မိုင်းဆတ်)**

မိုင်းယောင်း၊ လူမှုရေး

## နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ် အမှတ်(၇)ရပ်ကွက်နှင့် အမှတ်(၉) ရပ်ကွက် မွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်အသင်းတို့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှု ဆောင်သစ်ရွေးချယ်ပွဲကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမာနွယ်က သမဝါယမလုပ်ငန်းစဉ်များ၊ အသင်းဥပဒေ များ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်း ပြောကြားပြီး အမှတ်(၇)ရပ်ကွက် မွေးမြူ ရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်အသင်းဥက္ကဋ္ဌ ဦးသိန်း ထိုက်နှင့်အမှတ်(၉)ရပ်ကွက် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိ တက်အသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အမှုဆောင်သစ် ပြန်လည် ရွေးချယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီး အစုအပေါ်အမြတ်ငွေများနှင့် ထောက်ပံ့ ငွေများကို အသင်းသူ၊ အသင်းသားများ အား သက်ဆိုင်ရာတာဝန်ရှိသူတို့က အသီး သီးထုတ်ပေးကြောင်း သိရသည်။

**ဝေဝေခိုင်(ပြန်/ဆက်)**

**လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

မိုင်းဆတ်၊ လူမှုရေး

## VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက် ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ပူကွဲ-၂ ကျေးရွာနှင့် မယ်ကြူတ်-၂ ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးငြေးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ပူကွဲ-၂ ကျေးရွာ၌ နိုင်ငံတော်မှပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူများမှထည့်ဝင်ငွေများကိုအသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများကတာဝန်ယူ၍ အကောင် အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်း ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြား ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ်ပေးသည်။

ထို့ပြင် မိုင်းဆတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးငြေးက မယ်ကြူတ်-၂ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စီမံကိန်းနှင့်အကျိုးဝင်သည့် လုပ်ငန်း များတွင် အတိုးနှုန်းသက်သာစွာထုတ်ချေး ပေးမည်ဖြစ်ကြောင်းပြောကြားပြီး မြစိမ်း ရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရ သည်။ **ကာရံ(ကျေးလက်)၊ မောင်အိုးစည်**

ဝါရှင်တန်၊ နိုင်ငံရေး

# အိုဘားမားနှင့် ပီလိုစီတို့၏ ဖိအားပေးမှုများကြောင့် ပြန်လည်အရွေးကောက်ခံမည့်အစီအစဉ်အား ဘိုင်ဒင်စွန့်လွှတ်ခြင်းဖြစ်ဟုဆို

အမေရိကန်ပြည်ထောင်စုရှိ ဒီမိုကရက်များဖြစ်သည့် သမ္မတဟောင်း ဘားရက်အိုဘားမားနှင့်နန်စီပီလိုစီတို့၏ ဖိအားပေးမှုများကြောင့် လက်ရှိသမ္မတဂျိုးဘိုင်ဒင်မှာ ရွေးကောက်ပွဲ၌ ပြန်လည်အရွေးကောက်ခံမည့်အစီအစဉ်အား စွန့်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြိုင်ဘက်သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ပြောသည်။


ဘိုင်ဒင်သည် နိုင်ငံအတွင်း၌ ယခုနှစ်အတွင်းကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ထပ်မံယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားခဲ့သော်လည်း အိုဘားမားနှင့် ပီလိုစီတို့၏ ဖိအားများကြောင့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ဇူလိုင်လ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်း၏နေရာတွင် ဒုတိယသမ္မတ ကမ်မလာဟဲရစ်အား ရွေးကောက်ပွဲဝင် ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်လောင်းအဖြစ် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ဘိုင်ဒင်သည် ယခုနှစ် ဇွန်လ ၂၇ ရက်က ထရမ့်နှင့်အတူ ကျင်းပခဲ့သည့် စကားစစ်ထိုးပွဲ၌ ကောင်းစွာယှဉ်ပြိုင်ပြောဆိုနိုင်ခြင်းမရှိသောကြောင့် အဆုံးသတ်မလှခဲ့ကြောင်း၊ ထို့ကြောင့်အိုဘားမားနှင့် ပီလိုစီတို့နှစ်ဦးစလုံးသည် ၎င်းအား ထောက်ခံမှုမရှိတော့ကြောင်း ထရမ့်က New York Post သတင်းစာသို့ ပြောကြားသည်။

ထို့ပြင် ဘိုင်ဒင်အနေဖြင့် ၂၀၂၄ ရွေးကောက်ပွဲ၌ ထရမ့်အားအနိုင်ရရှိနိုင်ဖွယ်မရှိကြောင်းကို လူထုသဘောထားစစ်တမ်းများက ဖော်ပြလျက်ရှိပြီး ဘိုင်ဒင်၏ ပြန်လည်ရွေးကောက်ခံရရေး မဲဆွယ်မှုများသည် အောက်လွှတ်တော် ရွေးကောက်ပွဲ၌ ဒီမိုကရက်များ၏ အနိုင်ရရှိမည့်အလားအလာကို ဖျက်ဆီးပစ်နိုင်ကြောင်း ပီလိုစီက ထရမ့်နှင့်စကားစစ်ထိုးခြင်းမစတင်မီ ဘိုင်ဒင်အားပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Sputnik**



မနီလာ၊ သဘာဝဘေး

# မနီလာမြို့တော်တွင် ဂေမီတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီး ရေကြီးမှုများဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် ဇူလိုင်လ ၂၄ ရက်က ဂေမီတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုများဖြစ်ပွားရာ အနည်းဆုံးလူလေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းမကြီးများ၊ လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဆေးရုံများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရပြီး ဒေသခံပြည်သူ ထောင်ပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ထို့ပြင် မိုးရွာသွန်းမှုကြောင့် ဒေသတွင်းရှိ မြစ်များတွင်လည်း မြစ်ရေလျှံတက်မှုများ ဖြစ်ပွားခဲ့ရကြောင်းသိရသည်။

မနီလာမြို့တော်မြောက်ပိုင်းရှိ မေကွာယန်စီးတီးတွင် ရေလွှမ်းမိုးနေသည့် လမ်းမကြီးတစ်ခုအား ဖြတ်သန်းမောင်းနှင်ခဲ့သည့် မော်တော်ကားတစ်စီးမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း Inquirer နေ့စဉ်သတင်းစာက ဗီဒီယိုတစ်ခုတွင် ဖော်ပြခဲ့ကြောင်းသိရသည်။

**Ref: ST**

မော်စကို၊ နိုင်ငံရေး

# ဗီယက်နမ်နိုင်ငံမှ ဒုံးကျည်တပ်ဖရီးဂိတ်စစ်သင်္ဘောတစ်စင်း ရုရှားသို့ရောက်ရှိ



ဗီယက်နမ်နိုင်ငံမှ ဒုံးကျည်တပ်ဖရီးဂိတ်စစ်သင်္ဘောတစ်စင်းသည် လုပ်ငန်းသဘောအရ ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ဆိပ်ကမ်းသို့ ဇူလိုင်လ ၂၄ ရက်တွင် ရောက်ရှိလာကြောင်း ရုရှားပစိဖိတ်ရေယာဉ်အုပ်၏ ထုတ်ပြန်ချက်ကိုကိုးကား၍ TASS သတင်းအေဂျင်စီက ဖော်ပြသည်။

Hung Dao အမည်ရှိ အဆိုပါဖရီးဂိတ်စစ်သင်္ဘောသည် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ ဆိပ်ကမ်းတွင် ယခုလအကုန်ပိုင်းအထိဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သတင်းအေဂျင်စီကဆက်လက်ဖော်ပြသည်။

အဆိုပါဖရီးဂိတ်စစ်သင်္ဘောအား ရုရှားနိုင်ငံက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်ရေတပ်မတော်၌ ၂၀၁၈ ခုနှစ်တွင် တပ်တော်ဝင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Hung Dao ဖရီးဂိတ်စစ်သင်္ဘောအား ရန်သူ့ရေယာဉ်များနှင့် ဝေဟင်ပစ်မှတ်များအား ရှာဖွေထောက်လှမ်းရန်အတွက် ထုတ်လုပ်ထားသည့် အပေါ့စားရေယာဉ်တစ်စင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Rosoboronoexport က ပြောသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဗီယက်နမ်ခရီးစဉ် သွားရောက်ပြီးနောက် ပိုင်းမကြာမီရက်သတ္တပတ်များအတွင်း ရုရှားနိုင်ငံသို့ Hung Dao ဖရီးဂိတ်စစ်သင်္ဘောရောက်ရှိလာခြင်းဖြစ်သည်။

သမ္မတပူတင်အနေဖြင့် အာရှ-ပစိဖိတ်ဒေသ၌ အားကိုးအားထားပြုနိုင်လောက်သည့် လုံခြုံရေးစနစ်တစ်ရပ်ကိုတည်ဆောက်ရန်ဆန္ဒရှိကြောင်း ၎င်း၏ ဗီယက်နမ်ခရီးစဉ်အတွင်း ပြောကြားခဲ့ကြောင်းသိရသည်။

**Ref: ST**

မော်စကို၊ စီးပွားရေး

# ရုရှားမှတရုတ်သို့ တင်ပို့နေသည့် သဘာဝဓာတ်ငွေ့တင်ပို့မှု ကုဗမီတာ ၃၀ ဘီလီယံအထိရှိလာနိုင်ဟု ရုရှားပြော


ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ယခုနှစ်အတွင်း ကုဗမီတာ ၃၀ ဘီလီယံအထိ ရှိလာနိုင်ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် အလက်ဇန္ဒားနိုဗက်က ပြောသည်။

ရုရှားစွမ်းအင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Gazprom သည် တရုတ်နိုင်ငံသို့ နှစ်ရှည်သဘောတူညီချက်ဖြင့် Power of Siberia ပိုက်လိုင်းမှတစ်ဆင့် သဘာဝဓာတ်ငွေ့များတင်ပို့နေခြင်းဖြစ်သည်။

အဆိုပါပိုက်လိုင်းသည် ရုရှားနှင့် တရုတ်တို့ကြား ဒေါ်လာ ၃၀၀ ဘီလီယံတန်ဖိုးရှိ နှစ် ၃၀ သဘောတူညီချက်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့မည့် အစီအစဉ်ကို တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းနှင့် ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်းသိရသည်။

**Ref: RT**



ခတ္တမန္ဒူ၊ မတော်တဆမှု

# နီပေါနိုင်ငံတွင် ခရီးသည်တင်လေယာဉ်တစ်စင်း ပျံသန်းထွက်ခွာစဉ်ပျက်ကျ၊ ၁၈ ဦးသေဆုံး

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ လေဆိပ်တွင် ဇူလိုင်လ ၂၄ရက်က ခရီးသည်တင် လေယာဉ်တစ်စင်း လေဆိပ်မှပျံသန်းထွက်ခွာစဉ် ပျက်ကျခဲ့ကြောင်းသိရသည်။



အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၁၈ ဦးနှင့် လေယာဉ်မှူးတစ်ဦးလိုက်ပါလာပြီး ခတ္တမန္ဒူမြို့ရှိလေဆိပ်မှ ပိုခါရာမြို့သို့ ပျံသန်းထွက်ခွာစဉ် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၁ မိနစ်ခန့်က လေဆိပ်၏အရှေ့ပိုင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျံပျက်ကျမှုအတွင်း လိုက်ပါလာသူခရီးသည် ၁၈ ဦးစလုံးသေဆုံးပြီး လေယာဉ်မှူးတစ်ဦးတည်းသာ အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း သိရသည်။

လေယာဉ်မှူးအား ကယ်ဆယ်ရေးအဖွဲ့က ခတ္တမန္ဒူမြို့ရှိ ဆေးရုံတစ်ရုံသို့ပို့ဆောင်ခဲ့ပြီး ယခုအခါ ဆေးကုသမှုခံယူလျက်ရှိကြောင်း အမည်မဖော်လိုသူ ဆရာဝန်တစ်ဦးကပြောသည်။ ပျက်ကျခဲ့သည့်လေယာဉ်မှာ Saurya လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းဖြစ်ပြီး လေယာဉ်ပျက်ကျပြီးနောက် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း နီပေါပြည်တွင်းလေကြောင်းပျံသန်းရေးအာဏာပိုင်အဖွဲ့ကထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref: Sputnik, TH**

● **ကျောဖုံးမှအဆက်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အထက်သို့ ၂ ပေခွဲခန့် (၇၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ ၂ ပေခွဲခန့် (၇၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်နှင့်စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ ၂ ပေခန့် (၅၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ)အထက်သို့ ၁ ပေခန့် (၃၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အောက် ၂ ပေခန့် (၅၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)အောက် ၁ ပေခန့် (၂၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ)အထက်သို့ ၃ လက်မခန့် (၈ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ ဆိပ်သာမြို့၊ ငါးသိုင်းချောင်းမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

နေပြည်တော် ဇူလိုင် ၂၄

# ရမည်းသင်းအကျဉ်းထောင်နှင့်ကင်းသာ(၁)၊ (၂)ကုန်ထုတ်စခန်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ကြည့်ရှုစစ်ဆေး



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇူလိုင်လ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ရမည်းသင်းအကျဉ်းထောင်ကိုလည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များ၌ တွေ့ဆုံ၍ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့်အခွင့်အရေးဖြစ်သောနေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့်တွေ့ဆုံခွင့်ပေးနေမှု၊ ယုံကြည်ရာကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးမှု၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု၊ စာကြည့်တိုက်စီစဉ်ထားရှိမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ စသည့်အခြေအနေများကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ/ မရှိ စသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သင့်လျော်သလိုဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၂၄

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၅) သင်တန်းဆင်း

စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၉၅)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုန်းတောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)က သင်တန်းသားစံပြဆုရ သင်တန်းသားအမှတ်-၅၃ ဦးထူးပြည့်စုံ ဌာနခွဲစာရေး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သင်တန်းသူစံပြဆုရသင်တန်းသူအမှတ်-၁၄ ဒေါ်နန္ဒာအောင် ဌာနခွဲစာရေး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများ၊ သင်တန်းဆင်းအောင်လက်မှတ်များကိုချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၅၀ ဦး စုစုပေါင်း ၆၅ ဦးတို့တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ မေလ ၁၃ ရက်မှ ဇူလိုင်လ ၂၄ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄° C | / | ၂၉.၈° C |
| ရန်ကုန် | ၂၅° C | / | ၃၀.၅° C |
| မန္တလေး | ၂၇° C | / | ၃၈.၂° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဇူလိုင် ၂၄

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း ၂ ဒသမ ၇၄၈၀ တန်၊ သစ်မာ ၁၁ ဒသမ ၁၉၉၈ တန်၊ အခြား ၂၃ ဒသမ ၀၉၁၀ တန် စုစုပေါင်း ၃၇ ဒသမ ၀၃၈၈ တန်၊ ယာဉ်/ယန္တရား ခုနစ်စီး၊ တရားခံ ၅၀** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီ(၂၇)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ(၂၇)ပါတီ၏**

**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**

**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၄)ရက်**

**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်**

၁။ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း အသိပေးထားရှိပြီးဖြစ်ပါသည်။ ၎င်းမှာနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ခိုင်မာသော သန္နိဋ္ဌာန်လည်းဖြစ်ပါသည်။

၂။ လက်ရှိအခြေအနေများအရ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ စတင်ကျူးကျော်၊ နယ်မြေချဲ့ထွင်၊ စစ်ဆင်တိုက်ခိုက်လာခဲ့ကြသော NUG/CRPH/PDF/MNDAA/TNLA/AA အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA စာချုပ်အား သွေဖည်၊ ချိုးဖောက်သွားကြသည့် လက်နက်ကိုင်အဖွဲ့ အစည်းအချို့တို့နှင့် ၎င်းတို့အားနည်းလမ်းမျိုးစုံဖြင့် ပူးပေါင်း၊ ကူညီ၊ အားပေး၊ ထောက်ပံ့နေကြသော ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်/အဖွဲ့အစည်းအချို့တို့သည် ဒို့တာဝန်အရေးသုံးပါးကို ဖျက်ဆီးနေကြသူများ ဖြစ်ကြပြီး အောက်ပါလုပ်ရပ်များကို ဆက်လက်ကျူးလွန်နေကြဆဲဖြစ်ပါသည်-

(က) ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ကလေးသူငယ်များအား ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်း။

(ခ) နိုင်ငံပိုင်/ပုဂ္ဂလိကပိုင်အဆောက်အအုံများအား နည်းလမ်းမျိုးစုံဖြင့်ဖျက်ဆီးခြင်း။

(ဂ) အပြစ်မဲ့ပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု၍ တိုက်ခိုက်ခြင်း။

(ဃ) မြို့ကြီးများနှင့်ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းသို့ လက်နက်ကြီး/ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း။

(င) အရွယ်မရောက်သေးသည့် လူငယ်များအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်လက်နက်စွဲကိုင်တိုက်ပွဲဝင်စေခြင်း။

(စ) နယ်မြေတစ်ခုတည်း၌ နှစ်ကာလကြာရှည်စွာ အတူတကွနေထိုင်ခဲ့ကြသည့် လူမျိုးမတူသော အခြားတိုင်းရင်းသားမျိုးနွယ်စုများအား မူလနေရပ်ဒေသများမှ အတင်းအဓမ္မစွန့်ခွာစေခြင်း။

(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပြည်တွင်းတည်ဆဲဥပဒေများနှင့် နိုင်ငံတကာဥပဒေများအား ရည်ရွယ်ချက်ရှိရှိချိုးဖောက်ခဲ့ခြင်း။

၃။ အထက်ပါအကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးရခြင်း၊ စားဝတ်နေရေးကျပ်တည်းလာခြင်း၊ လူငယ်များပညာသင်ကြားနိုင်ခွင့်များဆုံးရှုံးရခြင်း၊ အခြေပြုရာ မူရင်းဒေသများကို စွန့်ခွာခဲ့ရခြင်းတို့အပြင် အနာဂတ်မျှော်လင့်ချက်များအားလုံးဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရပြီး ပြည်သူလူထု၏မူလအခွင့်အရေးများပိတ်ဆို့ထားသကဲ့သို့ ခံစားနေရသဖြင့် အမြန်ဆုံး လွတ်မြောက်ရန်လိုအပ်မည်ဟုရှုမြင်ပါသည်။

၄။ နိုင်ငံတော်အစိုးရ၏ ၂၀၂၅ ခုနှစ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးရန် ပြင်ဆင်နေမှုအား အကြမ်းဖက်မှုကို လက်မခံကြသည့် သန်းပေါင်းများစွာသောပြည်သူများကိုကိုယ်စားပြု၍ မိမိတို့နိုင်ငံရေးပါတီများက အပြည့်အဝထောက်ခံကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မြန်မာ့မြေပေါ်မှ အကြမ်းဖက်မှုလုပ်ငန်းစဉ်များ ချုပ်ငြိမ်းစေရေးတို့အတွက် မိမိတို့နိုင်ငံရေးပါတီများက နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်နေသည့် သတင်းစကားသည် နိုင်ငံတော်အတွက် ပြည်သူလူထုမှရွေးချယ်တင်မြှောက်သော ဒီမိုကရေစီနည်းလမ်းတကျအစိုးရ တစ်ရပ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်၍ ကာကွယ်ရေးနှင့်လုံခြုံရေးအဖွဲ့အစည်းများအတွက် ထွက်ပေါက် မဟုတ်ဘဲ နိုင်ငံရေးပါတီများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းမွန်အချောမွေ့ဆုံး ထွက်ပေါက်လမ်းကြောင်းတစ်ခုဖြစ်သည်ဟု ယုံကြည်လက်ခံပါကြောင်း အောက်တွင်လက်မှတ်ရေးထိုးပူးတွဲ သဘောထားကြေညာချက်ထုတ်ပြန်အပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၆။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၇။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၈။ | ဦးအောင်ဘ | ဗဟို | ခူမီးအမျိုးသားပါတီ | |
| | | အလုပ်အမှုဆောင် | | |
| ၁၉။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၂၀။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၁။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၂။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၃။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၄။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၅။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

---

**⏭ မြန်မာနေရှင်နယ်လိဂ်မှအဆက်**

ဆေးဗားလ်စတားအသင်းတို့ ကစားခဲ့ရာ University အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် အောင်မြင့်မြတ်နှင့်ပွဲချိန် ၇၇ မိနစ်တွင် သန်းမြတ်စိုးတို့ကသွင်းယူပေးခဲ့ပြီး ဆေးဗားလ်စတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန်မိနစ် ၇၀ တွင်သက်ဝင်းထွန်းက သွင်းယူပေးခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို University အသင်းတောင်ပံကစားသမား အောင်မြင့်မြတ်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ Glory Goal အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင်လည်း Glory Goal အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၄၃ မိနစ်တွင် သူရမင်းနိုင်က သွင်းယူပေးနိုင်ခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းအတွက်သွင်းဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် စောဖွေးကသွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို Glory Goal အသင်းအတွက် ခြေစွမ်းပြသပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် သူရမင်းနိုင်ကဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဇူလိုင် ၂၄

# ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနၥ္ဌကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လည်ပတ်ရန်ပုံငွေသို့ ငွေကျပ် ၅၀ ဘီလီယံနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ၁၅၀ ဘီလီယံမှ ငွေကျပ် ၅၀ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၀၀ ဘီလီယံကို ပြန်လည်ကောက်ခံပြီးစီးမှုနှင့် ပေးသွင်းပေးမှု၊ ချေးငွေပြန်လည်ပေးဆပ်ရန် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်ထည့်သွင်းထုတ်ပြန်ပြီးနောက် ၂၀၂၄ ခုနှစ် ဇွန်လနှင့်ဇူလိုင်လအတွင်း ချေးငွေပြန်လည်ပေးဆပ်မှု တိုးတက်လာသည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ ရှင်းလင်းဆွေးနွေးပြီး ကိုဗစ်-၁၉ ရန်ပုံငွေမှချေးငွေများသည် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများဖြစ်သဖြင့် မဖြစ်မနေ ပြန်လည်ပေးဆပ်ကြရန် တာဝန်ရှိကြောင်း၊ ချေးငွေသက်တမ်း သုံးနှစ်ကျော်လွန်ပြီး ချေးငွေအရင်းအတိုးများ ပြန်လည်ပေးဆပ်ရန်ကျန်ရှိနေသည့် ကုမ္ပဏီ/လုပ်ငန်းများနှင့် စပ်လျဉ်း၍ ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် အစီအစဉ်မရှိကြောင်း၊ ပြန်လည်ပေးဆပ်မှုမရှိသူများကို စီမံခန့်ခွဲမှုနည်းလမ်းများ၊ လုပ်ငန်းစဉ်များဖြင့် အမြန်ဆုံးပြန်လည်ရရှိရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့်မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ အချိန်စေ့ရောက်တော့မည်ဖြစ်၍ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/လုပ်ငန်းများမှ အတိုးအရင်းကောက်ခံရရှိမှု၊ သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် ချေးငွေဆိုင်ရာ စာရင်းဇယားများ တိကျမှန်ကန်ရေးကိစ္စရပ်များကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ချေးငွေပေးဆပ်ရန်ကျန်ရှိသည့် ကုမ္ပဏီ/လုပ်ငန်းများကို ပြန်လည်ပေးဆပ်မှုအဆင့်လိုက် ခွဲခြား၍ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်၊ ချေးငွေအများဆုံး ကျန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့်ဒေသများတွင် ကွင်းဆင်းတွေ့ဆုံ၍ ချေးငွေများအမြန်ပြန်လည်ပေးဆပ်လာစေရေး ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ချေးငွေများ အမြန်ဆုံး ပြန်လည်ကောက်ခံရရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

နေပြည်တော် ဇူလိုင် ၂၄

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားစွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့်ရေနံချက်လုပ်ရေးနည်းပညာများ သင်ယူနိုင်ရန် စေလွှတ်ရေး၊ စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်းသည့်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၄

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC မှ ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)



မြောင်းမြ ဇူလိုင် ၂၄

# မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၁၂၈၁ ဧကစိုက်ပျိုးမည်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောကြားချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ပီလောပီနံ ၁၂၈၁ ဧကကို ဇူလိုင်လတတိယပတ်တွင် စတင်စိုက်ပျိုးကြပြီး အဆိုပါစိုက်ပျိုးမည့်ပီလောပီနံဧကအားလုံး အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မိုးသီးနှံအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့နဲ့ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းပြီး နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလည်း ပီလောပီနံစိုက်ဖူးတဲ့အတွေ့အကြုံရှိတဲ့အတွက် အခက်အခဲမရှိစိုက်ပျိုးနိုင်မှာပါ။ ဒေသခံတောင်သူတွေစိုက်ပျိုးတဲ့ပီလောပီနံက အထွက်နှုန်းကောင်းအမျိုးအစားပါ"ဟု ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြမြို့နယ်၌ ပီလောပီနံကို ဒေသခံတောင်သူ စုစုပေါင်း ၁၁၉ ဦးက အများဆုံးစိုက်ပျိုးကြပြီး အဆိုပါဒေသ၌ စိုက်ပျိုးသည့်ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ ထွက်ရှိလာသည့် ပီလောပီနံများကို ဒေသတွင်းနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

နေပြည်တော် ဇူလိုင် ၂၄

# တရားမဝင်သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကိုရီးယားစာတမ်းပါ အကိုက်အခဲပျောက်ဆေးဘူး (၂၅)ဘူးနှင့် ဆေးကတ် (၁၁၉၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Smart အမွှေးဆီထုပ် (၅၀၄၀)၊ အိန္ဒိယနိုင်ငံထုတ် Unbleached Woven Cotton Fabric Plain ကီလိုဂရမ် (၇၅၀၀) အပါအဝင် ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၉၆၅၆၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus (၁)စီးနှင့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဂျပန်နိုင်ငံထုတ် စက်ဘီး (Used)စီး (၂၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၄၅၆၅၆၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၂၃ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၌ ကျန်းမာရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်သည့် Dano Inj (Tetanus Vaccine IP) (၁၈၈) Ampoules၊ Alburel Inj (Human normal Albumin IP) (၉) Vial အပါအဝင် ဆေးပစ္စည်း(၁၅)မျိုးနှင့် Samsung လက်ကိုင်ဖုန်း (၂)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၉၉၀၀၀)ကိုလည်းကောင်း၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်၊ ၈၄ လမ်းနှင့် ၂၇ လမ်းထောင့်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ ကျန်းမာရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်သည့် Pantoprazole For Injection (၃၀၀) ဘူး၊ Dextro Tablets ကတ် (၁၅၀) အပါအဝင် ဆေးဝါး(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၂၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၂၃ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၃ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Forgo Maintenance Free Battery (၈)လုံး၊ Vivo Phone Battery လုံး (၂၀၀) အပါအဝင် ကုန်ပစ္စည်း(၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၂၄ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ (၂ ဒသမ ၃၂၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၃၀၄၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၌ လိုင်စင်မဲ့ Mitsubishi Pajero မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဝေါမြို့နယ်၊ ကန်တော်ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် (၂၁၆)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ပုဇွန်နှစ်ကောင် စားအုန်းဆီ (၅)လီတာပါ (၁၉၆)ဘူးအပါအဝင် ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၄၃၀၀၀) နှင့် Honda Scoopy 110 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၂၆၀၄၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင်လ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၃၂၄၆၀၆)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၂၄

# စစ်ကိုင်းမြို့နယ်၊ မြသိန်းတန်ဘုရားအနီးရှိ ကျေးရွာ ၃ ရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူ ၆ ဦးကို ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းကျေးရွာအနီးတွင် ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုရှိခဲ့သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မြသိန်းတန်ဘုရားအနီးရှိ ရှားရောင်းကျေးရွာ၊ မင်းကွန်း(မြောက်)ရွာနှင့် မင်းကွန်း(တောင်)ရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် ဈေးဆိုင်ခန်းများနှင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၆ ဦးထက်မနည်းကိုလည်း ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းက မင်းကွန်းကျေးရွာအနီးသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။

ထိုသို့ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်သမားများက ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ လျှပ်စစ်မီးကြိုးများကို ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ်အချို့တွင် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ကျေးရွာအတွင်း ရေပေးဝေသည့် ရေပိုက်လိုင်းများ မီးလောင်ပျက်စီးခဲ့ကြောင်း၊ နေအိမ် ၆ လုံးမှာလည်း မီးလောင်ပျက်စီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများသည် ဘုရားစေတီပုထိုးများကို ဖူးမြော်ကြည်ညိုရန် လာရောက်သည့် ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများဖြင့် စည်ကားလျက်ရှိသည့် စစ်ကိုင်းမြို့နယ်၊ မင်းကွန်းကျေးရွာကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန်စွပ်စွဲရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။**(၁၀၀)**

နေပြည်တော် ဇူလိုင် ၂၄

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(၅၀၀)**

နေပြည်တော် ဇူလိုင် ၂၄

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံစဉ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၄ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရကထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစပြီး ဇူလိုင်လ(၃၁)ရက်နေ့အထိ နေ့စဉ်နံနက်(၆း၀၀)နာရီမှစပြီး ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှစပြီး နိုဝင်ဘာလ(၃၀)ရက်နေ့အထိ နေ့စဉ်နံနက် (၆း၀၀)နာရီမှ နံနက် (၈း၀၀) နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ နံနက် (၈း၀၀)နာရီမှ နံနက်(၁၀း၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂း၀၀)နာရီမှ မွန်းလွဲ (၁၃း၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃း၀၀)နာရီမှမွန်းလွဲ (၁၄း၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄း၀၀)နာရီမှ ညနေ(၁၅း၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၅း၀၀)နာရီမှ ညနေ (၁၆း၀၀)နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ(၁၆း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ညနေ(၁၇း၀၀)နာရီမှည(၁၉း၀၀) နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည(၁၉း၀၀)နာရီမှ ည(၂၁း၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည(၂၁း၀၀)နာရီမှ ည(၂၃း၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

### (၁. ၈. ၂၀၂၄)မှ (၃၀. ၁၁. ၂၀၂၄)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | "ဝ" | ၀၆း၀၀-၀၈း၀၀ နာရီ |
| ၂။ | ကချင် | ၀၈း၀၀-၁၀း၀၀ နာရီ |
| ၃။ | ကယား | ၁၀း၀၀-၁၂း၀၀ နာရီ |
| ၄။ | စကောကရင် | ၁၂း၀၀-၁၃း၀၀ နာရီ |
| ၅။ | အနောက်ပိုးကရင် | ၁၃း၀၀-၁၄း၀၀ နာရီ |
| ၆။ | အရှေ့ပိုးကရင် | ၁၄း၀၀-၁၅း၀၀ နာရီ |
| ၇။ | ချင်း(လိုင်ဇိုး) | ၁၅း၀၀-၁၆း၀၀ နာရီ |
| ၈။ | ချင်း(ချိုး) | ၁၆း၀၀-၁၇း၀၀ နာရီ |
| ၉။ | မွန် | ၁၇း၀၀-၁၉း၀၀ နာရီ |
| ၁၀။ | ရခိုင် | ၁၉း၀၀-၂၁း၀၀ နာရီ |
| ၁၁။ | ရှမ်း | ၂၁း၀၀-၂၃း၀၀ နာရီ |

သင်မလိုသောမီးကို
ပိတ်ထားခြင်းဖြင့်
လိုအပ်သူများ အလင်းရပါစေ။

နေပြည်တော် ဇူလိုင် ၂၄

# ပြင်ဦးလွင်၊ ဒလ၊ မင်္ဂလာဒုံမြို့နယ်နှင့်တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ


မခင်မိုးဦး(ခ)မမော်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ပြင်ဦးလွင်၊ ဒလ၊ မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာအနီးတွင် NISSAN AD VAN အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မခင်မိုးဦး (ခ)မမော်ထံမှ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၀ နာရီတွင် ပူးပေါင်းအဖွဲ့သည် ဒလမြို့နယ် မှော်စက်ရပ်ကွက် သရဖီလမ်းရှိ အောင်ကျော်စိုး (ခ)ကျော်ကြီး၏နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် အသံလွှင့်ရုံလမ်းတွင် ဘိုဘိုဌေးလှိုင်(ခ)ဘိုဘိုနှင့် ရဲကျော်သူ(ခ)စာကလေးတို့အား သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် မြတောင်ညို(၃)လမ်းရှိ သိန်းမိုး(ခ) သိန်းမိုးဦး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဇူလိုင်လ ၂၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် မနန်းမေမောင်းနှင်ပြီး မနန်းစိန်အေးလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၂ ကီလိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ပြောင်းဆေးဝါးများရောင်းချခိုင်းသူ စိုင်းဝမ်းအား ည ၆ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်းနှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

မှန်သည် မြန်သည် မြဝတီ

ဝန်ဆောင်မှုများ

- ငွေစုဘဏ်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ ခေါ်ယူအပ်ငွေနှင့် တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှု စာရင်းများ ဖွင့်လှစ်ပေးခြင်း။
- ချေးငွေထုတ်ချေးခြင်း။
- ပြည်တွင်းငွေလွှဲပေးပို့ခြင်း။
- ဘဏ်အာမခံစာတမ်းထုတ်ပေးခြင်း ဝန်ဆောင်မှုများ။
- လက်ဆောင်ချက်လက်မှတ်များနှင့် ငွေပေးအမိန့်လွှာများ ရောင်းချပေးခြင်း။
- အငှားဝယ်စနစ် (Hire Purchase System) ဖြင့် ဝန်ဆောင်မှု။
- ATM/ POS အသုံးပြု MPU Debit Card / Credit Card ဝန်ဆောင်မှု။
- Safe Deposit Locker ငှားရမ်းခြင်း ဝန်ဆောင်မှု။
- Mobile Banking နှင့် Internet Banking ဝန်ဆောင်မှု။
- နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများ။



Phone No: (01) 2301367, 2301368, 2301452, 2301378 MPU

ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မီဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။

## တစ်သက်တာလုံးကြံ့ခိုင်ဖို့

PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N

# RHINO

သုံးကြစို့....




ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

RHINO CEMENT

PREMIUM QUALITY CEMENT

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

## ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DAGON ဒဂုံ MALTA FRESH

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

### ❖ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်. . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)**

---

### နိုင်ငံရေးပါတီ(၂၇)ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်

စာ - ၂၆ သို့

### ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများတွင် မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရ

စာ - ၂၃ သို့

---

## ရောဝတီမြစ်၊ ဝေါန်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေ

**နေပြည်တော်　ဇူလိုင်　၂၄**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၆၉ ဒသမ ၅၅ ပေ (၂၁၂၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၈ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ)အထက်သို့ ၂ ပေခန့် (၆၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ စာမျက်နှာ ၂၅ ကော်လံ ၁ ●

---

## မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် University အသင်းနှင့် Glory Goal အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန်　ဇူလိုင်　၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ယှဉ်ပြိုင်ကစားခဲ့ရာ University အသင်းနှင့် Glory Goal အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ University အသင်းနှင့် စာမျက်နှာ ၂၆ ကော်လံ ၁ ▶▶|



---

### ဆောင်းပါး

### သို့. . .လက်ဦးဆရာ

စာ - ၂၂ သို့

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်အား မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563